မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၂၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မန္တလေးခရိုင် ကြက်ဆူဆီစိုက်ပျိုးထုတ်လုပ်နည်း လက်တွေ့သရုပ်ပြပွဲနှင့် စက်တပ်ရေယာဉ်များနှင့် ဒီဇယ်အင်ဂျင်များ လက်တွေ့မောင်းနှင်သရုပ်ပြပွဲကျင်းပ

လူနေမှုဘဝမြင့်မားလာစေမည့် ခြံစည်းရိုးကြက်ဆူပင်ကို ရေရှည်စီမံကိန်းချမှတ်စိုက်ပျိုး

ရန်ကုန် ဖေဖော်ဝါရီ ၂

မန္တလေးခရိုင် ကြက်ဆူဆီ(ဇီဝဒီဇယ်) စိုက်ပျိုးထုတ်လုပ်နည်း လက်တွေ့သရုပ်ပြပွဲနှင့် စက်တပ်ရေယာဉ်များ၊ ဒီဇယ်အင်ဂျင်များ လက်တွေ့မောင်းနှင်သရုပ်ပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်တွင် မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ကမ်းနားလမ်းရှိ ဂေါဝိန်ဆိပ်ကမ်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးသည်။

<ins>**တက်ရောက်**</ins>

အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တိုင်း/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များ၊ စက်တပ်ရေယာဉ်လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ကြင်က ကြက်ဆူဆီထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်နှင့် ပတ်သက်၍ ကြက်ဆူပင်အမျိုးအစားများ၊ စိုက်ပျိုးမြေနေရာအမျိုးမျိုး၊ စိုက်ပျိုးရမည့်နည်းစနစ်နှင့် အသီးမှအစေ့ထုတ်၍ ကြက်ဆူဆီထုတ်လုပ်ပုံ အဆင့်ဆင့်တို့ကို လက်တွေ့ရှင်းလင်းတင်ပြသည်။

ထို့နောက်တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပင်အသုံးဝင်ပုံ၊ ကြက်ဆူဆီထုတ်လုပ်၍ ဒီဇယ်အင်ဂျင်များတွင် အသုံးပြုနိုင်ပုံ၊ မိသားစုအိမ်ထောင်စုတစ်စုချင်း

စာမျက်နှာ ၆ ကော်လံ ၁ ●

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များ သန့်စင်ပြီး ကြက်ဆူဆီများဖြင့် ထည့်သွင်းမောင်းနှင်သည့် ရေယာဉ်များတွင် လိုက်ပါစီးနင်း၍ ဧရာဝတီမြစ်အတွင်း လှည့်လည်သရုပ်ပြမောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး

အညွှန်း

ခြံစည်းရိုးကြက်ဆူဆီဖြင့် တောင်သူလယ်သမားများဘဝ ထွန်းပြောင်အံ့

- ခြံစည်းရိုး ကြက်ဆူပင်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြခြင်းဖြင့် ဇီဝဒီဇယ်ဆီ ဂါလန်သန်းပေါင်း များစွာရရှိပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်လည်းသက်သာ၊ တောင်သူလယ်သမားများ အတွက် ဝင်ငွေလည်းတိုးပွား၊ တိုင်းရင်းသားပြည်သူများအတွက် လူမှုဘဝမြင့်မားတိုးတက်လာရုံ မျှမက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ များစွာအထောက်အကူပြုလာမည်။

ကျော်စွာငယ် (စာနယ်ဇင်း)၏ ဆောင်းပါး (စာ ၁၀-၁၁)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

ဒေသခံပြည်သူတို့၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေမည့် တံတားများအမြန်ပြီးစီးရေး ကြိုးပမ်းတည်ဆောက်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူအားလုံး၏ ရေရှည်အကျိုးကို ရှေးရှုပြီး နယ်မြေဒေသ တစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကကျသော လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာစေရန် စီမံဖြည့်ဆည်းပေးနေသည်။ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ တိုင်းရင်းသား အချင်းချင်း ပိုမိုကူးလူးဆက်သွယ်နိုင်ကာ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိလာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း လမ်းသစ်များစွာကို ကွန်ရက်သဖွယ် ဖောက်လုပ် ပေးလျက်ရှိသကဲ့သို့ တံတားကြီးငယ် အသွယ်သွယ်ကိုလည်း တိုးချဲ့တည်ဆောက်ပေးနေသည်ကို တွေ့မြင်နေရသည်။ ယခင်က လှေ၊ သမ္ဗန်၊ ဇက်၊ ကူးတို့များဖြင့်သာ ကူးဖြတ်ခဲ့ရသော မြစ်များ၊ ချောင်းများတွင် ယခုအခါ တံတားကြီးငယ်အသွယ်သွယ်တို့ ပေါ်ထွက်လာခဲ့ပြီး တိုင်းရင်းသားပြည်သူများ သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူ ချောမွေ့လာပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်းသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း ဇန်နဝါရီလ ၃၀ရက်နေ့ မွန်းလွဲပိုင်းက မြောင်းမြနှင့်ပုသိမ် ဆက်သွယ်သည့် ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား တည်ဆောက် ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

“ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတားကို ပြည်သူများ အမြန်ဆုံး ဖြတ်သန်းအသုံးပြုနိုင်အောင် ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အလားတူ လက်ရှိအသုံးပြုနေသော ဝါးခယ်မ-ရွှေလောင်း-ပုသိမ်ကားလမ်းထက် ခရီးမိုင် ၃၇ မိုင် လျော့နည်းသက်သာမည့် ဝါးခယ်မ- ကျွန်းကုန်း-မြင်းကဆိပ်-ပုသိမ်ကားလမ်း၌ ကျွန်းကုန်း ချောင်းဖြတ်ကူးတံတားကို ဆက်လက် တည်ဆောက် သွားရန်ဖြစ်ကြောင်း”

လမ်းညွှန်မှာကြားခဲ့သည်။

ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်) တံတားမှာ ပုသိမ်-မြောင်းမြလမ်းပေါ်၌တည်ရှိသည့် တံတားဖြစ်သည်။ တံတားအပေါ်ထည်မှာ ဘေလီကြိုးတံတား သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ အောက်ထည်မှာ သံကူကွန်ကရစ်နှင့် အုတ်မြစ်မှာ သံကူကွန်ကရစ် လွန်တူးပိုင်တံတား အမျိုးအစားဖြစ်သည်။ ပင်မ တံတား၏ အရှည်ပေ၅၄၀ အပါအဝင် စုစုပေါင်း ပေ၁၂၆၀ရှည်သည့် တံတားဖြစ်သည်။

ပုသိမ်မှမြောင်းမြသို့ ၆၅မိုင်ရှည် ပုသိမ်-ဒါးက-အိမ်မဲ-မြောင်းမြ ကားလမ်းဖြင့် ခရီးသွားလာလျက်ရှိရာ ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား တည်ဆောက်ပြီးစီးပါက ၃၂ မိုင်ရှည် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ယခင်ကားလမ်းထက် ၃၃မိုင် သက်သာစွာဖြင့် ပုသိမ်-မြောင်းမြ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား တည်ဆောက်ရေးလုပ်ငန်းများမှာ ယခုအခါ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

ဧရာဝတီတိုင်းအတွင်းရှိ ဝါးခယ်မ-ရွှေလောင်း-ကျုံကနောင်-ပုသိမ် ကားလမ်းမှာ ၉၁ မိုင်ရှိသည့် ကားလမ်းဖြစ်သည်။ အခြား ဝါးခယ်မ-ပုသိမ် ဆက်သွယ်နိုင်သည့် ကားလမ်းမှာ ၅၄မိုင်ရှည် ဝါးခယ်မ-ကျွန်းကုန်း-မြင်းကဆိပ်-ပုသိမ် ကားလမ်းဖြစ်ပြီး အဆိုပါကားလမ်း၌ ကျွန်းကုန်းတံတားကို တည်ဆောက်ခြင်းဖြင့် ဝါးခယ်မ-ပုသိမ်ခရီးကို ၃၇မိုင် သက်သာစေမည်ဖြစ်သည်။

သို့ဖြစ်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် တံတားများကို စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရေး ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်သကဲ့သို့ တံတားများရေရှည်တည်တံ့စေရေးအတွက် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃-၂-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၃။ ကာတွန်းအစီအစဉ် **“ပါကျဲ”** (အပိုင်း-၉)
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ချစ်ထုံးရယ်မပြယ်”** (အပိုင်း-၁၀)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပါရမီရှင် သိုင်းလုလင်”** (အပိုင်း-၁၅)

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး ဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် ယင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းအား တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထား လိုက်သည်။

ကလေးနှင့်တမူးမြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲ တိုင်းမှူးဗိုလ်ချုပ်သာအေး လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းက ကလေးမြို့နယ် စခန်းကြီးကျေးရွာအနီးကျင်းပသော ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ စခန်းကြီးကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ရင်က ကြက်ဆူပင်စိုက်ပျိုးထားရှိမှုအခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးနိုင်ရေး အမှာစကားပြောကြားပြီး ကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေး၍ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ ကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်း စုစုပေါင်း ၂၅၀၀၀ ပျိုးထောင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ကြက်ဆူကြိတ်စက်ဖြင့် ဆီကြိတ်နေမှု၊ လယ်ယာ (၁၆) လက်တွန်းထွန်စက် မောင်းနှင်သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် တမူးခရိုင် ခမ်းပတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအားတွေ့ဆုံရာ ရှေးဦးစွာ ခမ်းပတ်မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမြမဟာက မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်း နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးမှုနှင့် ကြက်ဆူပင် စိုက်ပျိုးမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြသည်။

မောင်းနှင်ပြသ

ထိုမှတစ်ဆင့် တိုင်းမှူးသည် တမူးမြို့အဝင် ကြက်ဆူ ပျိုးဥယျာဉ်၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင် ပွဲသို့ တက်ရောက်အမှာစကားပြောကြားကာ တက်ရောက် လာကြသူများနှင့်အတူ ကြက်ဆူပင်မျိုးစေ့နှင့် ပျိုးကိုင်း ပျိုးပင် စုစုပေါင်း ၁၆၈၀၀ကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်စိုက်ပျိုးပြီး ကြက်ဆူကြိတ်စက်ဖြင့် လက်တွေ့ ဆီကြိတ်ပြသခြင်း၊ ကြက်ဆူဆီဖြင့် မီးစက်နှိုး၍ လျှပ်စစ်မီးထွန်းခြင်း၊ လယ်ယာ(၁၆) လက်တွန်းထွန်စက် များ မောင်းနှင်ပြသခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ထည့်သွင်းပျိုးထောင်ပေး

ဇန်နဝါရီ၂၈ရက်တွင် တိုင်းမှူးသည်ကလေးမြို့နယ် ရန်မျိုးအောင်ကျေးရွာ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ကြက်ဆူပင်မျိုးစေ့ နှင့်ပျိုးကိုင်း စုစုပေါင်း ၁၀၅၀၀ ကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင် စိုက်ပျိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ရန်မျိုးအောင်ကျေးရွာ အနီးရှိ ကလေးတပ်နယ်မှ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်း လျက်ရှိသည့် ရော်ဘာငါးဧကကိုလည်းကောင်း၊ မော်လိုက်-ပြောင်ဘုတ်-စော်ဘွားရေရှင်လမ်း အခြေအနေကို လည်း ကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁ ရက်က အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ် (၂၄/၂၅) ဖွင့်ပွဲ အခမ်း အနားကို မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း သင်တန်း ခန်းမ၌ ကျင်းပရာ အင်းစိန်မြို့နယ်သတင်းထောက် ဦးစိုးဝင်း(စဥ္စကူစိုးဝင်း) ဆွေးနွေးပို့ချစဉ်။ (၀၄၆)

ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပဋ္ဌာန်းမြတ်ပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

မင်္ဂလာတောင်ညွန့်မြို့နယ်မင်္ဂလာတောင်ညွန့်ရပ်ကွက် လမ်း၁၁၀ ပဲခူးကျောင်းတိုက်အတွင်းရှိ အောင်ပြည်ငြိမ်းအေး စေတီတော်မြတ်၏ နဝမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ၆ရက်မှ ၁၀ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ၊ ဖေဖော်ဝါရီ ၁၁ရက်နှင့် ၁၂ရက်ညများ၌ ဆီမီးသုံးထောင်၊ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ထမနဲပွဲများဖြင့် ကျင်းပပူဇော်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၆မှ ၁၆-၂-၂၀၀၆

အချိန် - နံနက် ၀၉း၀၀နာရီမှ ညနေ ၁၇း၀၀နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ✻ ပြည်ထောင်စုမပြိုကွဲရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ✻ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဥ်ရှင်သန်ထွန်းကားရေး။
- ✻ ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ✻ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဥ်(၇)ရပ် အောင်မြင်စွာအကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)၌ ကျင်းပသည်။

အစည်းအဝေးသို့ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဒုတိယဥက္ကဋ္ဌများနှင့် ဆပ်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အမှာစကားပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် လုပ်ငန်းအဖွဲ့များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဥ်း၍ ဆွေးနွေးတင်ပြကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဥ်)**

သာကေတမြို့နယ် အလက(၃) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

သာကေတမြို့နယ် (၈)ရပ်ကွက် ယခင် အလက(၃)ကျောင်းတွင် ပညာသင်ကြားပေးခဲ့သော အသက်၆၀ ပြည့် အငြိမ်းစားဆရာကြီးများအား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက် (တနင်္ဂနွေနေ့) နံနက်၉ နာရီတွင် ယခု အထက(၄) သာကေတ သံလွင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသူ ကျောင်းသားဟောင်းများအားလုံး အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးသိန်းဝင်း ဖုန်း ၀၆၇-၂၂၆၉၅၊ ၅၅၈၀၈၃၊ ဦးအုန်းသွင် ဖုန်း ၅၄၇၂၇၁၊ ဒေါက်တာအေးလွင် ဖုန်း ၅၄၇၄၆၄၊ ဦးတင်ဝမ်းမောင် ဖုန်း ၇၀၅၃၀၀၊ ဦးသန့်ဇင်ဦး ဖုန်း ၅၃၇၄၁၂ နှင့် ဒေါ်တင်တင်အေး ဖုန်း ၅၄၇၀၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စက်မှု(၁)ဈေးရောင်းပွဲတော် ဝယ်ယူသူများစည်ကားများပြား

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဈေးရောင်းပွဲတော်ကို ဗဟန်းမြို့နယ် စက်မှု(၁)လမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝင်းအတွင်း၌ ကျင်းပလျက်ရှိသည်။

ယင်းဈေးရောင်းပွဲတော်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းမှအထည်အလိပ်ထုတ်ကုန်ပစ္စည်းများ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှစားသောက်ကုန်ပစ္စည်းများ၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ ဆေးဝါး၊ အလှကုန်နှင့် အိမ်သုံးပစ္စည်းများ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ ကြွေထည်၊ မြေထည်၊ ဖန်ထည်ပစ္စည်းများ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ စက္ကူနှင့် ဓာတုဗေဒပစ္စည်းများ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းမှ အပ်ချုပ်စက်များ၊ စက်ဘီးများ၊ သားရေထည်ပစ္စည်းများ၊ ရော်ဘာပစ္စည်းများစသည့် လူသုံးကုန်ပစ္စည်းမျိုးစုံ စုစုပေါင်းအမယ် ၃၃၃ မျိုးကို အထူးဈေးနှုန်းဖြင့် လက်လီ လက်ကားရောင်းချပေးလျက်ရှိရာ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

ဈေးပွဲတော် လာရောက်သူများအား ညစဥ် ညနေ ၆ နာရီမှ ည ၈ နာရီအထိ စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေခြင်းနှင့် စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဈေးပွဲတော်ကို ဖေဖော်ဝါရီ ၅ ရက်အထိ နေ့စဥ် နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ **(သတင်းစဥ်)**

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့် ကြိုဆို နေရာချထားရေးဆပ်ကော်မတီ၏ဒုတိယအကြိမ်အစည်းအဝေးတွင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် အမှာစကားပြောကြားစဥ်။ (သတင်းစဥ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာများ စိုက်ထူရေး ဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၃)၌ကျင်းပရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ ဆပ်ကော်မတီအတွင်းရေးမှူး အင်ဂျင်နီယာဌာန(အဆောက်အအုံ)ဌာနမှူး ဦးဇော်ဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရန်ကုန်မြို့ အမှတ်၄၉(ဘီ)၊ နတ်မောက်လမ်းသွယ် ဗဟန်းမြို့နယ် နိုင်ပုံနှိပ်တိုက်ပိုင်ရှင် ဗိုလ်မှူးသောင်းရွှေ(ငြိမ်း)-ဒေါ်ဝင်းကြည်(အထပြ၊ငြိမ်း) မိသားစုက ပုသိမ်မြို့ ဘိုးဘွားရိပ်သာသို့ အလှူတော်ငွေ ကျပ်တစ်သိန်းတစ်သောင်း၊ သိမ်တော်ကြီးလမ်း ဓေယျဝံသပရိယတ္တိ စာသင်တိုက်အတွင်းရှိ ကရုဏာ လူမှုကူညီရေးအသင်းသို့ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းတစ်သောင်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်ခတို့ လက်ခံယူစဥ်။ (က-ပ)

အစည်းအဝေးတွင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးနှင့် မြေစိုက် ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီဥက္ကဋ္ဌရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ အလံတော် လှည့်လည်သယ်ဆောင်ရာတွင် စနစ်တကျရှိရေး၊ မြေစိုက်ပိုစတာများ သတ်မှတ်ချိန်အမီ စိုက်ထူနိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဆပ်ကော်မတီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများမှ ဆပ်ကော်မတီဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြည်ထောင်စုအလံတော်အား ခရိုင်လေးခရိုင်အတွင်း စည်ကားသိုက်မြိုက်စွာ စနစ်တကျ သယ်ယူ ဆောင်ရွက်နိုင်ရေးနှင့် မြေစိုက်ပိုစတာများ စိုက်ထူရေးလုပ်ငန်းများကို တင်ပြကြရာ ဆပ်ကော်မတီဥက္ကဋ္ဌက ညှိနှိုင်း ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက် ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဥ်)**

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ရဲသင်တန်းကျောင်းတွင် မူးယစ်ဆေးဝါး ရှာဖွေဖမ်းဆီးရာ၌ အသုံးပြုသော အနံ့ခံခွေးတစ်ကောင်နှင့် သင်တန်းဆရာမတစ်ဦးတို့ အတူတကွကြိုးခုန်နေကြသည်ကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယူဂန္ဓာနိုင်ငံ၏ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေး မဆုတ်မနစ်ကြိုးပမ်းရန် တိုက်တွန်း

ကမ်ပါလာ ဖေဖော်ဝါရီ ၂

ယူဂန္ဓာနိုင်ငံအနေဖြင့် ရင်ဆိုင်နေရသော အိပ်ချ်အိုင်ဗွီ-အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးတွင် အောင်ပွဲခံ အနိုင်ရလိုလျှင် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ယူဂန္ဓာအေအိုင်ဒီအက်စ် တိုက်ဖျက်ရေးကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဒေးဗစ်ကီဟူမူရိက ဖေဖော်ဝါရီ ၁ ရက်၌ ပြောကြားလိုက်သည်။

ပြောကြား

ကမ်ပါလာမြို့တော်အနီး စတုတ္ထအကြိမ် နှစ်ပတ်လည် ညီလာခံ၌ ၂၀၀၅ခုနှစ် အစီရင်ခံစာထုတ်ပြန်စဉ် ဒေးဗစ်ကီဟူမူရိက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ထည့်သွင်း

၂၀၀၅ခုနှစ်က ကွင်းဆင်းလေ့လာချက် အစီရင်ခံစာအရ အိပ်ချ်အိုင်ဗွီ-အေအိုင်ဒီအက်စ်ရောဂါ ပျံ့နှံ့မှု တိုက်ဖျက်ရေးတွင် ကြီးမားသော စိန်ခေါ်မှုတစ်ရပ် ရှိနေသေးကြောင်း ဖော်ပြနေခြင်းဖြစ်သည်ဟုလည်း ၎င်းက ထည့်သွင်း ပြောကြားလိုက်သည်။

ဤကပ်ရောဂါသည် ယူဂန္ဓာပြည်သူများအတွင်း အထူးသဖြင့် အမျိုးသမီးများနှင့် မြို့ပြဒေသအတွင်း ခေါင်းထောင်လျက်ပင်ရှိသေးကြောင်း ဝမ်းနည်းစွာ တွေ့ရမည်ဟု ၎င်းက ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်ပြည်၏အရှည်ဆုံး ယန်စီမြစ်တစ်လျှောက် ၂၀၀၆ခု နွေဦးရာသီ၌ ငါးမဖမ်းရအမိန့်ထုတ်ပြန်

ပေကျင်း ဖေဖော်ဝါရီ ၂

တရုတ်အစိုးရက ငါးမျိုး မပြုန်းတီးရေးအတွက် တရုတ်ပြည်၏ အရှည်ဆုံးဖြစ်သည့် ယန်စီမြစ်တစ်လျှောက် ယခုနှစ် ငါးမဖမ်းရအမိန့်ကို ဆက်လက်ထုတ်ထားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ဖေဖော်ဝါရီ ၁ ရက်က ကြေညာသည်။

တားမြစ်

တရုတ်ပြည် အနောက်တောင်ပိုင်း ယူနန်ပြည်နယ်မှ အလယ်ပိုင်း ဟူပေပြည်နယ်အထိ မြစ်အပေါ်ပိုင်းတွင် ဖေဖော်ဝါရီ ၁ရက်မှ ဧပြီ ၃၀ရက် အထိလည်းကောင်း၊ မြစ်အောက်ပိုင်းတွင် ဧပြီ ၁ရက်မှ ဇွန် ၃၀ရက်အထိလည်းကောင်း ငါးဖမ်းဆီးခွင့်မပြုရန် တားမြစ်ထားမည်ဖြစ်သည်။ ထို့ပြင် ယန်စီမြစ်နှင့် ဆက်သွယ်လျက်ရှိသည့် ပိုယန်နှင့် တောင်တင် ရေကန်ကြီးများတွင်လည်း ငါးဖမ်းခွင့်ပိတ်ထားမည် ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ငါးမဖမ်းရအမိန့်ကို ငါးများ ဥချသည့် နွေမိုးရာသီတွင် ထုတ်ပြန်တားမြစ်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကယ်လီဖိုးနီးယား၌ ပစ်ခတ်မှုဖြစ်ပွား လူငါးဦးသေဆုံးခဲ့

လော့အိန်ဂျလိစ် ဖေဖော်ဝါရီ ၂

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ စာတိုက်အလုပ်သမားဟောင်းတစ်ဦးသည် သူမကိုယ်သူမ သတ်မသေမီ ညပိုင်းတွင် သေနတ်ဖြင့် တရစပ်ပစ်ခတ်ခဲ့ရာ လူငါးဦးသေဆုံးခဲ့ရကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၃၁ ရက်က ပြောကြားသည်။

လော့အိန်ဂျလိစ် အနောက်မြောက်ဘက်ရှိ ကမ်းရိုးတန်းဒေသ ဆန်တာဘာဘရာ မြို့ကလေးရှိ စာတိုက်လုပ်ငန်းဌာနတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းလူအစုလိုက်အပြုံလိုက် သေဆုံးမှု ဖြစ်ပွားရာ နေရာတွင် ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များနှင့် ဖက်ဒရယ် အေဂျင်စီအဖွဲ့များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ရန်ဖြစ်ခဲ့

သူမသည် ယခင်က စာတိုက်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်ပြီး လုပ်ငန်းတွင် အခြားအလုပ်သမားများနှင့် စကားများရန်ဖြစ်ခဲ့ပြီးနောက် ၂၀၀၃ခုနှစ်ကအလုပ်မှ ထုတ်ပယ်ခြင်းခံရသူဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြောဆို

ထိုအသက် (၄၄)နှစ်ရှိ အမျိုးသမီး၏အမည်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။ ယခုအခါ သူမအား စိတ်ပိုင်းဆိုင်ရာ ဆေးစစ်ဆေးမှုပြုလုပ်လျက်ရှိကြောင်း စာတိုက်စစ်ဆေးရေးမှူးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

လူ၁၀၅ဦးပါ သင်္ဘောတစ်စင်း အင်ဒိုနီးရှား အရှေ့ဘက်ပင်လယ်၌နစ်မြုပ်

ဂျကာတာ ဖေဖော်ဝါရီ ၂

လူ ၁၀၅ဦး တင်ဆောင်လာသည့် အင်ဒိုနီးရှား သင်္ဘောတစ်စင်းသည် အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်ရှိ ပင်လယ်ထဲတွင် ညပိုင်း၌ နစ်မြုပ်ခဲ့သဖြင့် ရေတပ်ရေယာဉ်များမှ အသက်မသေ ကျန်ရစ်သူများကို ရှာဖွေလျက်ရှိကြောင်း ဆိပ်ကမ်းအရာရှိများက ဖေဖော်ဝါရီ ၁ရက်၌ ပြောကြားသည်။

ရေတပ်ရေယာဉ်တစ်စင်းက ယခု အချိန်အထိ လူ၁၂ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အယ်လ်ရှင်တာ ရေဒီယိုက ကြေညာသည်။ နစ်မြုပ်သွားသည့် သင်္ဘောပေါ်တွင် ခရီးသည် ၈၂ဦးနှင့် ရေယာဉ်အမှုထမ်း ၂၃ဦးပါရှိကြောင်း အရာရှိများက ပြောကြားသည်။

ပြောကြား

အဆိုပါ သင်္ဘောသည် အင်ဒိုနီးရှားနိုင်ငံ ကူပန်မှ တီမောကျွန်းဘေးရှိ ရိုတီကျွန်းအနီးသို့ အသွားတွင် ဇန်နဝါရီ ၃၁ရက်ညက အဆက်အသွယ် ပြတ်သွားခဲ့ခြင်းဖြစ်ကြောင်း အရာရှိများက ပြောကြားသည်။

နစ်မြုပ်

သင်္ဘော နစ်မြုပ်သွားသည်မှာ သေချာကြောင်း၊ ရာသီဥတုကမူ သာယာလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးသမားများက ဆက်လက် ကယ်ဆယ်နေကြကြောင်း ကူပန်ဆိပ်ကမ်း အရာရှိ မာသင်မာနူးက ရိုက်တာသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

ပါရှိ

သင်္ဘောပေါ်တွင် ကားများနှင့် ထရပ်ကားများလည်း ပါရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ပြန်ပေးဆွဲခံရသည့် အမေရိကန်အမျိုးသမီးသတင်းထောက် ရုပ်မြင်သံကြားမှတစ်ဆင့် အသက်ချမ်းသာပေးရန် မေတ္တာရပ်ခံ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

သေနတ်သမားတို့၏ ပြန်ပေးဆွဲခံရသော အမေရိကန်အပျော်တမ်း အမျိုးသမီးသတင်းထောက် ဂျီးလ်ကာရိုးလ်က အယ်ဂျာဇီယာ ရုပ်မြင်သံကြားဌာနက ဇန်နဝါရီ ၃၁ ရက်က ထုတ်လွှင့်သည့် အစီအစဉ်တွင် သူမ၏အသက်ကို ချမ်းသာပေးရန် မေတ္တာရပ်ခံသည်ဟု ဆို၏။

အီရတ်အမျိုးသမီးအားလုံးကို လွှတ်ပေးရန် အမေရိကန်စစ်တပ်နှင့် အီရတ်ပြည်ထဲရေးဝန်ကြီးဌာနတို့ကို မေတ္တာရပ်ခံပေးကြရန် ၎င်း၏မိသားစု၊ လုပ်ဖော်ကိုင်ဖက်များနှင့် အမေရိကန် ပြည်သူပြည်သားများအား ဂျီးလ်ကာရိုးလ်က တိုးလျှိုးတောင်းပန်သည်ဟု ဆိုသည်။

ဂျီးလ်ကာရိုးလ် ၂၈နှစ်အား ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်း ဆွန်နီခေါင်းဆောင်တစ်ဦး၏ ရုံးမှအထွက်၊ သေနတ်သမားတို့က ဇန်နဝါရီ ၇ရက်၌ အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၁၇ရက်ကလည်း အယ်ဂျာဇီယာ ရုပ်မြင်သံကြားက ဂျီးလ်ကာရိုးလ်အား အလားတူ ထုတ်လွှင့်ပြသခဲ့သည်ဆို၏။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံရှိ ရှာကာရီယာ ကျေးရွာတွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်၌ ဆီးနှင်းများထူထပ် နေအိမ် ၁၀၀ကျော် ပျက်စီး

ကဘူးလ် ဖေဖော်ဝါရီ ၂

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်း ဘာဒက်ရှရှန်ပြည်နယ်တွင် သီတင်းတစ်ပတ်နီးပါး ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် လူ ၁၇ ဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၃၁ ရက်၌ ပြောကြားသည်။

သီတင်းပတ်ကြာ အဆိုပါဒေသရှိ ခရိုင် ခုနစ်ခုတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့သဖြင့် လူ ၁၇ ဦးသေဆုံးသွားကြောင်း၊ လေးဦး ဒဏ်ရာရရှိသွားကြောင်း၊ တိရစ္ဆာန်အကောင် ၁၀၀၀ ခန့်သေဆုံးသွားပြီး နေအိမ် ၁၀၀ကျော် ပျက်စီးသွားခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မူရှီအဗ္ဗဒူလ်မာဂျစ်က ဆင်ဟွာသို့ ပြောကြားသည်။

အဆိုးရွားဆုံး ဖြစ်ရပ်တစ်ခုမှာ ကိုဟီစတန်-အီ-ရိတ်ရှိ ရေခဲပြင်ပြိုကျရာ ရွာငါးရွာ ပျက်စီးခဲ့သဖြင့် လူ ၁၅ ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ သေဆုံးသော ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၀ ရှိပြီ

လန်ဒန် ဖေဖော်ဝါရီ ၂

အီရတ်တောင်ပိုင်း၌ ဇန်နဝါရီ ၃၁ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားစဉ် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားရာ ၂၀၀၃ခုနှစ်က အီရတ်ကို အမေရိကန်ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်ပြီးနောက် အီရတ်၌သေဆုံးသော ၁၀၀ဦးမြောက် တပ်ဖွဲ့ဝင် ဖြစ်လာသည်။

ကြေညာ

ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာနက အီရတ်၌ သေဆုံးသော အယောက် ၁၀၀ မြောက် တပ်ဖွဲ့ဝင်အဖြစ် ကြေညာခဲ့သည်။

သေဆုံး

အဆိုပါ တပ်ဖွဲ့ဝင်သည် ဘာဆာရာပြည်နယ် အမ်ကွာဆာ ဆိပ်ကမ်းတောင်ပိုင်း၌ ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားစဉ် သေဆုံးခဲ့ကြောင်း၊ အခြား ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦးလည်း ဒဏ်ရာရရှိသွားကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ရှိမှု မှန်မှန်တိုးတက်လျက်ရှိ

ပေကျင်း ဖေဖော်ဝါရီ ၂

တရုတ်နိုင်ငံသည် လွန်ခဲ့သော ငါးနှစ်ကျော်ကာလက ပြည်တွင်းရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ရှိမှုမှာ မှန်မှန်တိုးတက်လာကြောင်း တရုတ်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (အင်ဒီအာစီ)က ဇန်နဝါရီ ၃၁ရက်က ပြောကြားသည်။

ရေနံစိမ်းထုတ်လုပ်

တရုတ်နိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှုသည် ၂၀၀၀ပြည့်နှစ်က တန်ချိန် ၁၆၃သန်းရှိရာမှ ၂၀၀၅ခုနှစ်တွင် တန်ချိန် ၁၈၃သန်းအထိ တိုးလာကြောင်း၊ သဘာဝဓာတ်ငွေ့ထွက်ရှိမှုမှာ ထိုကာလက ၂၇ဘီလီယံကုဗမီတာ မှ ၄၇ဒသမ ၅ဘီလီယံ ကုဗမီတာအထိ ထွက်ရှိခဲ့ကြောင်း အဆိုပါစာရင်းဇယားများအရ သိရသည်။ လွန်ခဲ့သော ငါးနှစ်က ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေမှုအသစ်များ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထိုအတောအတွင်း ဒါကျင်းကဲ့သို့သော တရုတ်ပြည်အရှေ့ပိုင်းမှ တွင်းဟောင်းများမှလည်း ပုံမှန်ထွက်ရှိမှုကို ထိန်းထားနိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ရေနံအများဆုံး ထွက်ရှိသည့် ရေနံလုပ်ကွက်များမှာ စင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နင်ရှာဟွေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျန်ဟိုင်းဂန်ဆု၊ ရှန်စီပြည်နယ်များနှင့် တရုတ်ဘိုဟိုင်းပင်လယ်ကမ်းလွန်ရပ်ကွက်များ ဖြစ်သည်။

အများဆုံးထွက်ရှိ

၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၅ ခုနှစ်အတွင်း သဘာဝဓာတ်ငွေ့အများဆုံး ထွက်ရှိသည့် ဇုန်ခြောက်ခုမှာ တာရင်၊ အော်ဒို့စ်၊ ချီချွမ်နှင့် ကိုင်ဒန်ချိုင့်ဝှမ်း၊ တောင်တရုတ်ပင်လယ်နှင့် အရှေ့ တရုတ်ပင်လယ်တို့ ဖြစ်သည်။ တရုတ်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်မှာ ၂၀၀၀ပြည့်နှစ်က ၁၆ဒသမ၆ ရာခိုင်နှုန်းရှိရာမှ ၂၀၀၅ခုနှစ်တွင် ၂၂ဒသမ၇ ရာခိုင်နှုန်းရှိလာပြီး သဘာဝဓာတ်ငွေ့သုံးစွဲမှုမှာ ၂ဒသမ၁ရာခိုင်နှုန်းရှိရာမှ ၂ဒသမ၆ရာခိုင်နှုန်း ရှိလာကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ ယိုကိုဟားမားဆိပ်ကမ်း၌ ပြည်ပသို့တင်ပို့မည့် မော်တော်ယာဉ်များကို ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရာသီဥတုဆိုင်ရာသတင်းအချက်အလက်များဖလှယ်ရေး နိုင်ငံတကာသို့ ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်တိုက်တွန်း

ဒါကာ ဖေဖော်ဝါရီ ၂

ကမ္ဘာ့သဘာဝဘေးအန္တရာယ်များ၏ ရာသီဥတုသတင်းပြန်ကြားပေးခြင်းများ ဖလှယ်ရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်သွားရန် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဇန်နဝါရီ ၃၀ရက်၌ တိုက်တွန်းပြောကြားလိုက်သည်။

ပြောကြား

မိုးလေဝသဆိုင်ရာ လုံ့ဆော် ဆောင်ရွက်သူများသည် မည်သည့် နိုင်ငံရေးသို့မဟုတ် ပထဝီဆိုင်ရာ နယ်နိမိတ်သတ်မှတ်ချက်များကို လိုက်နာစရာမလိုကြောင်း အာရှနှင့်ပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စ်ကက်)နှင့် (၃၃)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသဆိုင်ရာညီလာခံ၌ ခါလီဒါက ပြောကြားလိုက်သည်။

လျော့ပါးရေး

သဘာဝဘေးအန္တရာယ်များအတွက် စောစီးစွာ သတိပေးစနစ်များ ကိုနောက်ဆုံးပေါ် ခေတ်မီနည်းပညာများတပ်ဆင်သုံးစွဲရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ်များ ဆောင်ရွက်ထားရန်လည်း လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေးသည် အချိန်နှင့်တစ်ပြေးညီ သတိပေးမှုများ လုပ်ဆောင်ပေးရန်လိုကြောင်း အဆိုပါ ဝန်ကြီးချုပ်က အလေးအနက် ပြောကြားလိုက်သည်။

ဖွဲ့စည်းထား

ဆိုက်ကလုံးဆိုင်ရာ ဒဗလျူ အမ်အို/အက်စ်ကက်ကို ၁၉၇၂ ခုနှစ်က ဒဗလျူအမ်အိုနှင့် အက်စ်ကက်တို့ ပူးပေါင်းလျက် ဘင်္ဂလားပင်လယ်အော်နှင့် အာရေဗျပင်လယ်နိုင်ငံများ အပူပိုင်းဆိုက်ကလုံးမုန်တိုင်းတိုက်ခတ်ခြင်းမှ ဆုံးရှုံးမှုကို လျှော့ချရန် ဖွဲ့စည်းထားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အဖွဲ့တွင် ဘင်္ဂလား ဒေ့ရှ်၊ မြန်မာ၊ အိန္ဒိယ၊ ပါကစ္စတန်၊ အိုမန်၊ မော်လ်ဒိုက်၊ သီရိလင်္ကာနှင့် ထိုင်းတို့ ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြောက်ကာရိုလိုင်းနားပြည်နယ်ရှိ ဓာတုဗေဒစက်ရုံ ပေါက်ကွဲမှုဖြစ်ပွား လူခြောက်ဦးဒဏ်ရာရရှိ

မြောက်ကာရိုလိုင်းနား ဖေဖော်ဝါရီ ၂

အမေရိကန်နိုင်ငံ မြောက်ကာရိုလ်လိုင်းနားပြည်နယ်ရှိ ဓာတုဗေဒ စက်ရုံတွင် ဇန်နဝါရီ ၃၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် လူခြောက်ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒဏ်ရာရရှိသူများထဲမှ နှစ်ဦးအား မြောက်ကာရိုလ်လိုင်းနားပြည်နယ်ရှိ ဆေးရုံသို့ လေကြောင်းဖြင့် ပို့ဆောင်ပေးလိုက်ကြောင်း ဆက်သွယ်ရေးမန်နေဂျာ လီဆာပရော့က ပြောကြားသည်။ မာဂမ်တန်ဒေသရှိ ဆင်သရွန်ကုမ္ပဏီပိုင် ဓာတုဗေဒ စက်ရုံမှ နံနက် ၁၁နာရီခွဲ မတိုင်မီအချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပရော့က ဆိုသည်။

ယင်းပေါက်ကွဲမှုနှင့် နောက်ထပ်ဒဏ်ရာရရှိမှုများကို မသိရှိရသေးကြောင်း၊ ၎င်းစက်ရုံသို့ တယ်လီဖုန်းဆက်၍ ဆက်သွယ်သော်လည်း ဖြေကြားမည့်သူ မရှိကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

သူလျှိုလုပ်မှုစွပ်စွဲခံရသူ ဗြိတိသျှသံလေးဦး နှင့်ထုတ်မည်မဟုတ်ကြောင်း ရုရှားသမ္မတပူတင်ပြောကြား

မော်စကို ဖေဖော်ဝါရီ ၂

ရုရှားနိုင်ငံအတွင်း သူလျှိုလုပ် ထောက်လှမ်းမှုဖြင့် စွပ်စွဲခံရသူ ဗြိတိသျှသံတမန်များကို ရုရှားအစိုးရက နှင်ထုတ်မည်မဟုတ်ကြောင်း၊ ထို့ပြင် ရုရှား၊ ဗြိတိန်ဆက်ဆံရေးကို ထိုကိစ္စကြောင့် ထိခိုက်ခံမည် မဟုတ်ကြောင်း ရုရှားသမ္မတပူတင်က အင်္ဂါနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

မော်စကို၌ ထောက်လှမ်းရေးလုပ်ငန်းများနှင့် ဆက်သွယ်လှုပ်ရှားနေသည့် ဗြိတိသျှ သံတမန်လေးဦးကို ဖော်ထုတ်နိုင်ကြောင်း ရုရှားဖက်ဒရယ် လုံခြုံရေးလုပ်ငန်းက လွန်ခဲ့သည့် ရက်သတ္တပတ်က ကြေညာသည်။

မိမိတို့နိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း (အင်န်ဂျီအို)များ အနေဖြင့် ပြည်ပမှ ရပ်သေးဆရာများ၏ ကြိုးကိုင်မှုကို မခံသင့်ကြောင်း သမ္မတပူတင်က သတိပေးပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်မြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွား အီရတ်စစ်သားသုံးဦး သေဆုံးခဲ့ရ

ဘာကူဘာ ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံမြောက်ပိုင်း၌ ပြောက်ကျားများနှင့် အင်္ဂါနေ့က တိုက်ပွဲဖြစ်ပွားသဖြင့် အီရတ်စစ်သားသုံးဦး သေဆုံးသွားသည်။

ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက် ကီလိုမီတာ ၆၅၀ခန့်အကွာ ဘာကူဘာမြို့ တောင်ဘက် ဘူရတ်ဒေသတွင် အီရတ်စစ်သားများနှင့် ပြောက်ကျား သူပုန်တို့ တိုက်ပွဲဖြစ်ပွားကြောင်း ဒီဗာလာရှိ အီရတ်အမေရိကန် ပူးတွဲညှိနှိုင်းရေးဌာနမှ အမည်မဖော်လိုသူတစ်ဦးက ပြောဆိုသည်။

သတ်ဖြတ်

ဘာကူဘာမြို့အရှေ့ဘက်ရှိ မူဒါဒီယာမြို့၌လည်း သေနတ်သမားများက တနင်္လာနေ့ည ၇ နာရီခန့်တွင် ဘာသာရေးခေါင်းဆောင် တစ်ဦးဖြစ်သူ ရှိတ်ကာဆင်အယ်ဟမ်ဒါနီ၏ နေအိမ်ကို စီးနင်းဝင်ရောက်ပြီးနောက် ရှိတ်ကာ ဆင်အယ်ဟမ်ဒါနီ၏ ဇနီးနှင့် ကလေးနှစ်ယောက်ကို သတ်ဖြတ်သွားသည် ဆို၏။ ရှိတ်ဟမ်ဒါနီမှာ ပြောက်ကျားများနှင့် အဆက်အသွယ်ရှိသည်ဆိုကာ အမေရိကန်တို့၏ ဘော့ကာအကျဉ်းစခန်းတွင် ဖမ်းဆီးခံနေရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်အနောက်ပိုင်း၌ သေဆုံးသူ ၁၁ဦးကိုတွေ့ရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းတွင် အမည်မသိသေဆုံးသူ ၁၁ဦးကို အီရတ်ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

ပြောကြား

မျက်စိကို အဝတ်စည်းပြီး ဦးခေါင်းကို သေနတ်ဖြင့် ပစ်သတ်ထားသည့် သေဆုံးသူ ၁၁ဦးကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ကြောင်း၊ ၎င်းအလောင်းများကို အဝေးပြေးကားလမ်းမကြီးပေါ်ရှိ မီနီဘတ်စ်တစ်စီးအတွင်း ပစ်ထားသည်ကို တွေ့ရှိရကြောင်း ရဲတပ်ဖွဲ့မှ ဗိုလ်ကြီးအာမက် အဗ္ဗဒူလာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်ရှိ ဂျာမနီသံရုံးအားပိတ်ပစ်ရန် အီရတ်ပြန်ပေးသမားများက တောင်းဆို

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံ၌ ဓားစာခံများအဖြစ် ဖမ်းဆီးခံနေရသော ဂျာမန်လူမျိုးနှစ်ဦးကို ကာတာအခြေစိုက် အယ်ဂျာဇီရာရုပ်မြင်သံကြားအစီအစဉ်၏ ထုတ်လွှင့်ချက်တွင် အင်္ဂါနေ့က ဖော်ထုတ်ပြသလိုက်သည်။

တောင်းဆို

အင်ဂျင်နီယာများဖြစ်ကြသည့် ဂျာမန်နှစ်ဦးအား လက်နက်ကိုင်ထားသူတစ်စု၏ ရှေ့မှောက်မှ ကြမ်းပြင်ပေါ် ထိုင်လျက်သားတွေ့ရသည်ဟု ဆိုသည်။

ဘဂ္ဂဒက်ရှိ ဂျာမနီသံရုံးကို ပိတ်ပြီး အီရတ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရပ်ပစ်ရန် ဓားစာခံဖမ်းထားသူ ပြန်ပေးသမားများက တောင်းဆိုသည်။

ဖမ်းဆီး

၎င်းတို့၏တောင်းဆိုချက်ကို ဂျာမနီအစိုးရက မလိုက်လျောလျှင် ၇၂နာရီအတွင်း ဂျာမနီဓားစာခံနှစ်ဦးကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည်။

ဓားစာခံနှစ်ဦးကို အီရတ်မြောက်ပိုင်းမှ ဇန်နဝါရီ ၂၄ ရက်တွင် ဖမ်းဆီးသွားခြင်း ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့၌ ဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို အပေါင်းပါတပ်ဖွဲ့ဝင်များဇန်နဝါရီ ၃၁ရက်က စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

✡ *ကျောဖုံးမှ*

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို အလေးထား၍ ဖိဖိစီးစီးအကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်ရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

ယင်းနောက် တိုင်းမှူးသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင်မျိုးသန့်မျိုးပွား သုတေသနစိုက်ခင်းသို့လည်းကောင်း၊ မျိုးစေ့ပျိုးဥယျာဉ်ခြံတွင် စိုက်ပျိုးရေးပညာပေးခင်းကျင်းပြသထားသော ကြက်ဆူပင်မျိုးစေ့များနှင့် စနစ်တကျ ပျိုးထောင်စိုက် ပျိုးထားရှိသော ကြက်ဆူပျိုးပင်ပေါက်များ ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း၊ နှစ်ရှည်ဆင်းရွှေလီ၊ ပျားလိမ္မော်ပင်၁၀၀၀နှင့် နှစ်တို နာနတ်ပင်တစ်သိန်းအကြား ကြက်ဆူပင်လေးသောင်း စိုက်ပျိုးပြီးစီးနေမှု၊ သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု လေ့လာကြကာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရန်အောင်မြင် တပ်ဦးစေတီတော်အနီး တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင်မျိုးသန့် မျိုးပွားစံပြ ဧက ၁၀၀ စိုက်ခင်းအတွင်းရှိ ကြက်ဆူပင်ပျိုးဥယျာဉ်၌ ကြက်ဆူပျိုးပင်ပေါက်များ ရှင်သန်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှု လေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ မိခင်ကြီးဒေါ်တင်၊ ဒေါ်အေးအေးသိန်း၊ ဒေါ်အေးအေးမြင့်တို့အားရည်စူး၍ ဌေးမြင့်သိန်းစတိုး မိသားစုတို့က အလှူငွေကျပ်သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးမြင့်ဦး(မြန်မာ့ရုပ်သံ)ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

● *ရှေ့ဖုံးမှ*

စိုက်ပျိုးခြင်းအားဖြင့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ပုံများနှင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ စီးပွားရေးကို အထောက်အကူပြုပြီး လူနေမှုဘဝ မြင့်မားလာစေမည့် ခြံစည်းရိုးကြက်ဆူပင်ကို ရေရှည်စီမံကိန်းချမှတ်၍ စနစ်တကျ ကြိုးစား စိုက်ပျိုးကြရန် ဆွေးနွေးမှာကြားသည်။

လက်တွေ့သရုပ်ပြထုတ်လုပ်

ဆက်လက်၍ မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များက ကြက်ဆူဆီကြိတ်စက်များဖြင့် ကြက်ဆူဆီထုတ်လုပ်မှုအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြထုတ်လုပ်ကြပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သန့်စင်ပြီး ကြက်ဆူဆီများဖြင့် မြစ်ကြောင်းသွား စက်တပ်ရေယာဉ်များတွင် ထည့်သွင်းမောင်းနှင်သရုပ်ပြမှုကို ကြည့်ရှုစစ်ဆေးကာ ကြက်ဆူဆီသုံး ရေယာဉ်ဖြင့် လိုက်ပါစီးနင်းကြသည်။

ကြည့်ရှုစစ်ဆေး

ထို့အပြင် တိုင်းမှူးနှင့်အဖွဲ့သည် မြစ်ကမ်း၌ ကြက်ဆူဆီဖြင့် သဲစုပ်စက်၊ ရေစုပ်စက်များ မောင်းနှင်၍ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

မောင်းနှင်နိုင်

မန္တလေးတိုင်းတွင် စမ်းသပ်မှုများအရ ကြက်ဆူဆီဖြင့် မောင်းနှင်သော မြင်းကောင်ရေ (၁၃၀) PH-7 အင်ဂျင်သုံး စက်တပ်ရေယာဉ်များမှာ ဆီစားနှုန်း တစ်ဂါလန်လျှင် လေးမိုင်နှုန်းရှိပြီး ခရီးသည် ၇၇ဦးနှင့် ကုန်ငါးတန်တင်နိုင်ကြောင်း၊ မြင်းကောင်ရေ (၁၈) နှင့် မြင်းကောင်ရေ(၁၂)ရှိ Jima အင်ဂျင်သုံး ပဲ့ထောင်ရေယာဉ်များမှာ ဆီစားနှုန်း တစ်ဂါလန်လျှင် ငါးမိုင်နှုန်းရှိပြီး ခရီးသည် ၃၀ နှင့် ကုန်တစ်တန်တင်နိုင်ကြောင်း၊ မြင်းကောင်ရေ (၁၈)ရှိ Jima အင်ဂျင်သုံး သဲစုပ်စက်၊ ရေစုပ်စက်များမှာ တစ်ဂါလန်လျှင် လေးနာရီနှုန်း မောင်းနှင်နိုင်ပြီး ရေယာဉ်များမှာ တစ်နာရီလျှင် ၁၀မိုင်နှုန်း မောင်းနှင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇေယျဝတီဆရာတော် မိုးကုတ်တရားစခန်းဓမ္မခရီးစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်(၅) မေခလမ်း၌ ယောဂီများ ရက်ရှည်တရားအားထုတ်နိုင်ရန် တည်ထောင်ဆောက်လုပ်လျက်ရှိသော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူ တောရရိပ်သာ၏ ပဓာနနာယကအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ B.A)သည် ဖေဖော်ဝါရီ ၁၀ရက်မှ ၁၆ရက်အထိ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၂၉) မိတ္ထီလာ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ရက်မှ မတ် ၇ရက်အထိ ဝိမလကာရီ ဓမ္မရိပ်သာကော့သောင်းမြို့၌လည်းကောင်း၊ မတ်၁၅ရက်မှ ၂၄ရက်အထိ မိုးကုတ်ရိပ်သာ အဖွဲ့ခွဲ (၈၁) လွိုင်ကော်မြို့ ကယား ပြည်နယ်၌လည်းကောင်း၊ မတ်၂၆ရက်မှ ဧပြီ ၁ရက်အထိ မိုးဖြဲမြို့ ရှမ်းပြည်နယ် (တောင်ပိုင်း)၌ လည်းကောင်း ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပြည်ထောင်စုဒိုင်းပြိုင်ပွဲ ရောဝတီတိုင်းအသင်း ဗိုလ်လုပွဲတက်ပြီ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ယနေ့ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ရောဝတီတိုင်းအသင်းနှင့် မန္တလေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရောဝတီတိုင်းအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ရောဝတီတိုင်း အသင်းသည် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး အချိန်ပို ဒုတိယပိုင်း၌ အနိုင်ဂိုးသွင်းယူကာ လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းကို ထိုက်ထိုက်တန်တန် အနိုင်ရရှိသွားခြင်းဖြစ်သည်။ ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲသမိုင်း၌ အစဉ်အလာကြီးမားသော အသင်းနှစ်သင်း ဆုံတွေ့ခြင်းဖြစ်ပြီး အပြန်အလှန်ဂိုးများ သွင်းယူခဲ့ကြ၍ ပရိသတ်အကြိုက်တွေ့သော ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ရောဝတီတိုင်းအသင်းအတွက် အဖွင့်ဂိုးကို ပွဲစပြီး ၃၁မိနစ်အကြာတွင် အောင်ဇော်လင်းက သွင်းယူပေးသည်။ မန္တလေးတိုင်းအသင်းက ချေပဂိုးရရှိရေး ပြန်လည်ထိုးဖောက်ကစားလာရင်း ပွဲချိန် ၄၅မိနစ်တွင် ချမ်းသာဝင်းက ချေပဂိုးသွင်းနိုင်ခဲ့သည်။ ပထမပိုင်းအပြီးတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေသည်။

မန္တလေးတိုင်းအသင်း၏ ထိုးဖောက်မှုကို ရောဝတီတိုင်းအသင်း နောက်တန်းမှ ဟန့်တားခဲ့စဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပွဲစဉ်အလိုက် အကောင်းဆုံးဆု ရရှိသွားသော မန္တလေးတိုင်းအသင်းမှ နောက်တန်းလူ သိန်းစိုးမင်း။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဒုတိယပိုင်းတွင် မန္တလေးတိုင်းအသင်းက ဒုတိယဂိုး သွင်းယူပြီး ဦးဆောင်နိုင်ခဲ့သည်။ မန္တလေးတိုင်းအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၆၁မိနစ်တွင် ဝဏ္ဏဇေယျာလွင်က ခေါင်းတိုက်သွင်းယူပေးသည်။ ရောဝတီတိုင်းအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၇၅မိနစ်တွင် အောင်ကိုကိုထွန်းက ထောင့်ကန်ဘောမှ တစ်ဆင့်ခေါင်းတိုက်သွင်းယူသည်။ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံးသည်အထိ တစ်ဖက်နှစ်ဂိုးစီသရေပွဲ ဖြစ်နေ၍ အချိန်ပိုမိနစ်၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

တတိယဂိုးသွင်းယူ

အချိန်ပို ပထမပိုင်း ၁၃မိနစ်တွင် ရောဝတီတိုင်းအသင်းအတွက် အသင်းခေါင်းဆောင် သန့်ဇင်က တတိယဂိုးသွင်းယူနိုင်သဖြင့် ဦးဆောင်မှု ရရှိခဲ့သည်။ မန္တလေးတိုင်းအသင်းတွင် အတွေ့အကြုံ ရင့်ကျက်သူများပါဝင်နေ၍ တည်တည်ငြိမ်ငြိမ်ဖြင့် ပြန်လည်ထိုးဖောက်ကစားရာ အချိန်ပို ပထမပိုင်း ၁၅မိနစ်တွင် အသင်းခေါင်းဆောင် သန်းဇော်က တတိယဂိုး သွင်းယူနိုင်ခဲ့သည်။

အချိန်ပို ဒုတိယပိုင်း ၁၅မိနစ် ဆက်လက်ယှဉ်ပြိုင်ကစားရာ လူငယ်အများစုဖြင့် ဖွဲ့စည်းထားသည့် ရောဝတီတိုင်းအသင်းက ပိုမို ထိုးဖောက်ကစားနိုင်ခဲ့သည်။ ရောဝတီတိုင်းအသင်းအတွက် စတုတ္ထဂိုးကို အချိန်ပို ဒုတိယပိုင်း ၄မိနစ်တွင် ပထမဂိုး သွင်းယူပေးသူ အောင်ဇော်လင်းကပင် ခေါင်းတိုက်သွင်းယူပေးသည်။ မန္တလေးတိုင်းအသင်းက ချေပဂိုး ရရှိရေးအတွက် အဆက်မပြတ် ထိုးဖောက်ကစားသော်လည်း ရောဝတီတိုင်းအသင်းက ကြံ့ကြံ့ခံကာကွယ်နိုင်ခဲ့၍ လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်း အကြိုဗိုလ်လုပွဲနှင့်သာ ကျေနပ်လိုက်ရခြင်းဖြစ်သည်။

ပေးအပ်ချီးမြှင့်

ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို မန္တလေးတိုင်းအသင်းမှ နောက်တန်းလူ သိန်းစိုးမင်းက ရရှိရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးစိုးမြင့်လွင်က ငွေကျပ် ၁၀၀၀၀ ပေးအပ်ချီးမြှင့်သည်။

ပွဲအပြီးတွင် အနိုင်ရရှိသွားသော ရောဝတီတိုင်းအသင်းမှ တာဝန်ရှိသူများအား မြန်မာ့အလင်းက တွေ့ဆုံ မေးမြန်းခဲ့သည်။ ရှေးဦးစွာ ရောဝတီတိုင်း အသင်းအုပ်ချုပ်သူ ဦးတင်ဝင်းအား မေးမြန်းရာ "မိမိတို့အနေဖြင့် ပြည်ထောင်စုဒိုင်း ရရှိရေးအတွက် မျှော်မှန်းပြီး ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်သည့်အတွက် ဝမ်းသာပါကြောင်း၊ မန္တလေးတိုင်းအသင်းက လက်ရှိချန်ပီယံ အသင်းဖြစ်၍ မိမိတို့အသင်း ကြိုးစားကစားခဲ့ပြီးမှ ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့ခြင်း ဖြစ်ပါကြောင်း၊ လေ့ကျင့်မှု ကာလ တစ်လခန့် ရရှိခဲ့ပါကြောင်း၊ နောက်ဆုံးဗိုလ်လုပွဲတွင် မည်သည့်အသင်းနှင့် ဆုံတွေ့သည်ဖြစ်စေ အနိုင်ရရေးအတွက် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ အသက်(၂၁)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲထားသည့်အတွက် ယခုအသင်း၌ လူငယ်အများစုကိုသာ အခြေခံဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ပထမအဆင့် အုပ်စု၌ အုပ်စုပထမ ရရှိခဲ့ပြီး ဒုတိယအဆင့် အုပ်စု၌လည်း အုပ်စုပထမ ရရှိခဲ့ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ရောဝတီတိုင်းအသင်း နည်းပြဆရာ ဦးတင်ငြိမ်းအား မေးမြန်းရာ "မန္တလေးတိုင်းအသင်းက အတွေ့အကြုံသမ္ဘာရှိသည့်အတွက် မိမိတို့က အင်အားသုံးပြီး ကစားခဲ့ရကြောင်း၊ ပွဲအစပိုင်း၌ တစ်ဖက်အသင်း၏ ကစားကွက်အတိုင်းလိုက်ကစားနေ၍ မိမိတို့ထင်သလို အခွင့်အရေးမရခဲ့ကြောင်း၊ နောက်ပိုင်းကျမှသာ ကစားပုံပြောင်းကစားနိုင်၍ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အသင်းမှ အမာခံ ကစားသမားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိထားသဖြင့် ထိန်းကစားခဲ့ရကြောင်း၊ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းအတွက် အထူးပင် ဝမ်းသာမိပါကြောင်း၊ ယနေ့ပွဲတွင် အမာခံကစားသမားအားလုံးကို ပွဲထုတ်ပြီး ၄-၄-၂ ပုံစံ ကစားကွက်ဖြင့် ကစားခဲ့ပါကြောင်း၊ နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက်အသင်း၏ အနေအထားကို သုံးသပ်ပြီး အနိုင်ရရှိရေး ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ၃ရက် **(ယနေ့)** ညနေ ၃နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ပဲခူးတိုင်းအသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

၂၀၀၆ခုနှစ် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားသော ရောဝတီတိုင်းအသင်းအား အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ ဤသို့တွေ့ရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

မိုးကုတ်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

မိုးကုတ်မြို့ မင်္ဂလာသုခရပ်ကွက် မင်္ဂလာသုခ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းမုခ်ဦး၌ ဇန်နဝါရီ၂၃ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဟန်မြင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရပ်ကွက် ပြည်သူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ ၁၀၀၀ ခန့် တက်ရောက်ကြသည်။

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေး နှစ်အတွင်း မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မင်္ဂလာသုခ ရပ်ကွက် ပြည်သူလူထုပူးပေါင်း၍ မင်္ဂလာသုခကတ္တရာလမ်း ၈၈၄ ပေ X ၁၆ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို အဖွဲ့ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၂၄၀၀၀၀ နှင့် ပြည်သူလူထု ပူးပေါင်းထည့်ဝင်ငွေကျပ် ၂၂၀၀၀၀ စုစုပေါင်း ကုန်ကျငွေကျပ် ၃၄၄၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါလမ်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလှတင့်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ဇန်နဝါရီ၂၃ ရက်က မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို အမှတ် (၁၀) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပညာပါရမီ စာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းသန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် မီးလောင်မှုဖြစ်ပွား အိမ် ၁၂ လုံး မီးလောင်ကျွမ်းခံရ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၂) ရပ်ကွက် အောင်ဇေယျရိပ်သာလမ်း ခြံအမှတ် ၇၇ မှ ယနေ့ ညနေ ၆ နာရီတွင် နေအိမ်မီးစက်အတွင်းသို့ ဓာတ်ဆီထည့်စဉ် အနီးရှိ ဖယောင်းတိုင်မီးမှ တစ်ဆင့် မီးကူးစက်လောင်ကျွမ်းရာ မီးစတင်လောင်ကျွမ်းလျှင် လောင်ကျွမ်းချင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ကားများ ရောက်ရှိ ဝိုင်းဝန်းမီးငြိမ်းသတ်ကြသဖြင့် ညနေ ၆ နာရီမိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိမှုမရှိ

အဆိုပါ မီးလောင်မှုကြောင့် အိမ် ၁၂ လုံး မီးလောင်ကျွမ်းခံရပြီး အိမ်ထောင်စု ၂၁ စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်းနှင့် လူအသေအပျောက် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

အခင်းဖြစ်ပွားရာသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ ရောက်ရှိကြပြီး မီးငြိမ်းသတ်ရေး၊ လုံခြုံရေးနှင့် ကယ်ဆယ်ရေးကိစ္စများကို စီမံဆောင်ရွက်ပေးခဲ့ကြသည်။

ကယ်ဆယ်ရေးစခန်း

မီးဘေးဒဏ် ခံရသူများအတွက် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်နေရာချထားပေးပြီး နေထိုင်ရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များကို စီစဉ်ဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုး သတိပြု

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ ဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေးအာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Alupine Tablets (Dried Aluminium Hydroxide Gel 280 mg, Magnesium Trisilicate 260mg, Atropine Sulphate 0.12mg, Kaolin 120 mg, Menthol 7.5mg	Lerd Singh Pharmaceutical Fact., Ltd.,Part	Thailand
၂။	Dexamethasone Sodium Phosphate Injection 1ml:2mg	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၃။	Cimetidine Injection 2m1:0.2g	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၄။	Phenylbutazone-Complex Injection 2m1 (Phenylbutazone 280.1mg, Amidopyrine 300mg)/2m1	Sino-America Joint Venture Yanzhou Xier Kangtai Pharmaceutical Co.,Ltd., Shandong	China
၅။	Rotuss Tablet (Dextromethorphan hydrobromide 15mg)	New Life Pharma Co.,Ltd.	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

တတိယအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့ (၆-၂-၂၀၀၆)

"အနာကြီးရောဂါ ကင်းဝေးဖို့ ဆွေးနွေးတိုင်ပင်ပြောကြစို့"

အနာကြီးရောဂါဟု မသင်္ကာဖွယ်ရာ ကနဦးလက္ခဏာများမှာ
- အရေပြားပေါ်တွင် အရောင်ပျော့သော၊ နီသော၊ ကြေးနီရောင် ပေါက်နေသော အကွက်များရှိပြီး ၎င်းတို့သည်-
  - ယားယံမှုမရှိခြင်း
  - နာကျင်မှုမရှိခြင်း
  - ပူခြင်း၊ အေးခြင်း၊ နာခြင်း၊ ထိခြင်းကို မသိခြင်း
  - အရေပြား၏ မည်သည့်နေရာတွင်မဆို ဖြစ်ပေါ်နိုင်သည်။ အသက်အရွယ်၊ ကျား-မ မရွေး၊ အတန်းအစား မရွေး၊ နေရာဒေသမရွေး ဖြစ်နိုင်သည်။
- သင့်ရပ်ရွာတွင် အနာကြီးရောဂါ ကင်းဝေးလိုပါသလား။
  - အနာကြီးရောဂါအကြောင်းကို လူတိုင်းသိအောင် ပြောပြ ပေးပါ။
  - အနာကြီးရောဂါသည်ဟု မသင်္ကာသူတိုင်းကို ရှာဖွေပေးပါ။
  - ဆေးကုသမှုခံယူနိုင်အောင် စည်းရုံးပေးပါ။
  - MDT(အမ်ဒီတီ)ဆေးကို ကျန်းမာရေးဌာနတိုင်းတွင် အလွယ် တကူနှင့် အခမဲ့ရနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

စွမ်းအင်ဝန်ကြီးဌာနစက်ရုံများ စွမ်းအားပြည့်လည်ပတ်ရေး ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသိ အစီအမံများချမှတ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂

စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ရေနံချက်စက်ရုံများ၊ ဓာတ်မြေဩဇာစက်ရုံများနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံများ စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက စွမ်းအင်ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အထူးအရာရှိ ဒုတိယဗိုလ်မှူးကြီးဖေသက်ညွန့်က စက်ရုံများ၏ ထုတ်လုပ်နိုင်မှုစွမ်းအားနှင့် လက်ရှိထုတ်လုပ်နိုင်မှုအခြေအနေကိုလည်းကောင်း၊ စက်ရုံမှူးများက မိမိတို့စက်ရုံအလိုက် ထုတ်လုပ်မှု၊ သိုလှောင်လက်ခံဖြန့်ဖြူးမှုအခြေအနေများကိုလည်းကောင်း၊ ရှင်းလင်းတင်ပြရာ ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသောင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ရေနံချက်စက်ရုံများ၊ ဓာတ်မြေဩဇာစက်ရုံများ၊ ရေနံဓာတ်ငွေ့ရည်စက်ရုံများ အနေဖြင့် သတ်မှတ်လျာထားချက်အတိုင်း ပြည့်မီစွာထုတ်လုပ်နိုင်ရေး၊ အလေအလွင့် ထိန်းသိမ်းရေး၊ လုံခြုံရေးစနစ်တကျရှိစေရေးတို့အတွက် အသေးစိတ်မှာကြားသည်။ ထို့နောက် ဝန်ကြီးက စက်ရုံများစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် စက်ရုံတစ်ရုံချင်းအလိုက် ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ပေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ဝက်ဝံတစ်စုံပေးပို့လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ နှစ် (၁၀၀)ပြည့်ပွဲတော် အထိမ်းအမှတ်အဖြစ် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ဝက်ဝံတစ်စုံကို ဖေဖော်ဝါရီ ၁၇ရက်က ပေးပို့လှူဒါန်းခဲ့ကြောင်းနှင့် ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ထိန်းသိမ်းမွေးမြူပြသထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၈၂)ကို ယနေ့ဖြန့်ချိထားသည်။ **(ဝဲပုံ)**

မြင်းမူ မောင်နိုင်မိုး၊ နေမျိုးသန့်၊ ညိဘန်း-လေးဝတီ၊ ကောင်းညွန့်ဝေ(ရေစကြို)၊အသုတ်မောင်ဝင်းရောင်၊ အောင်ထက်သာ(ဥပဒေ)၊ နွေသင်နိုင်၊ မောင်သျှင် ပြေ(ပုသိမ်)၊ မောင်နှင်းမွန်၊ ထွန်းထွန်း(သာယာဝတီ)၊ မောင်သော်မော်၊ မောင်သာဆန်း(သံတွဲ)တို့၏ အဖွင့်ကဗျာများ၊ ဣန္ဒာဆွေ၊ စောမုံညင်း၊ ဒေါက်တာမတင်ဝင်း၊ တက္ကသိုလ်တင်ခ၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ တက္ကသိုလ်မောင်မောင်ခင်၊ ပခုက္ကူ ဦးအုံးဖေ၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ ဒင်းပုန်းအရှင်မဏ္ဍလ(ဆင်ပေါင်ဝဲ)၊ ဝင်းနိုင်သောင်း၊ နန္ဒာမိုးကြယ်၊ ဘိုကလေးတင့်အောင်၊ အောင်ဇင်၊ မင်းဗထူး၊ ထွန်းနိုင်(သာသနာရေး)၊ စိုးမြင့်ငြိမ်း၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မောရောင်လင်းတို့၏ ဆောင်းပါးများ၊ ခမ်းစုဝင်းကြည်(သီပေါ)၊ ကို(တက္ကသိုလ်)တို့၏ ဝတ္ထုရှည်များ၊ဆင်ဖြူကျွန်းအောင်သိန်း၊ ဖျာပုံလှမိုးနွယ်၊ ရွှေတာမောင်၊ တက္ကသိုလ်ရွှေဆင့်၊ စိုးစံ၊ မောင်နေမွန်၊ ကိုမင်္ဂလာတို့၏ ဝတ္ထုတိုနှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာ ပန်းရုံရိပ်၊ အားကစားကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။ အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားစာအုပ်ဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ဇန်နဝါရီ၂၀ရက်က မြန်မာ့မီးရထားနှင့် M.Y Associates Co., Ltd တို့ ပူးပေါင်းပြီး ဆန်းမစ်ပတ်စ်ဗျူးဟိုတယ်၌ကျင်းပသော စက်ပစ္စည်းအစိတ်အပိုင်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီနှင့်အသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ စက်မှုကျွမ်းကျင်ပညာရှင်များက စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှုလေ့လာကြစဉ်။ (ရထားပို့ဆောင်ရေး)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ် တန်းလျားလေးကျေးရွာစာကြည့်တိုက် အသစ်ဆောက်လုပ်လှူဒါန်းခြင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက်က တန်းလျားလေးကျေးရွာ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးအေးသောင်းနှင့် ကျေးရွာရပ်မိရပ်ဖ ဦးလှထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ရေယာဉ်နှင့်တွဲရေယာဉ်များ လွန်းတင်ပြင်ဆင်မှု ဒုတိယဝန်ကြီးဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်သည် ဇန်နဝါရီ၂၇ရက်တွင် သံလွင်သင်္ဘောကျင်း(မုတ္တမ)သို့ ရောက်ရှိရာ သံလွင်ဌာနခွဲ၏ ရေယာဉ်ခရီးလမ်းများနှင့် ရေယာဉ်ပြေးဆွဲမှု အခြေအနေ၊ ခရီးသည်ပို့ဆောင်နိုင်မှု အခြေအနေ၊ သံလွင်သင်္ဘောကျင်း၏သမိုင်းကြောင်းနှင့် ရေယာဉ်များ/တွဲရေယာဉ်များ လွန်းတင် ပြင်ဆင်နိုင်မှု အခြေအနေတို့ကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စနစ်တကျ

ထို့နောက် ဒုတိယဝန်ကြီးသည် သံလွင်ရိပ်သာ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနတာဝန်ခံများနှင့် သင်္ဘောကျင်းဝန်ထမ်းများအား တွေ့ဆုံပြီး သင်္ဘောကျင်းအတွင်း ရေယာဉ်/တွဲရေယာဉ်များ လွန်းတင်ပြင်ဆင်နေမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများအချိန်နှင့် တစ်ပြေးညီပြီးစီးရေးနှင့်စံချိန်စံညွှန်း မီအောင် စနစ်တကျ ပြုပြင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးနှင့် ဇနီးဒေါ်ဝေဝေတို့သည် ဇန်နဝါရီ ၂၈ရက်တွင် မော်လမြိုင်မြို့ သုခရမ္မကျောင်းတိုက် ကျောင်းဆောင်တိုးချဲ့ ဆောက်လုပ်လှူဒါန်းခြင်းသံဃဒါနအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး သံလွင်ဌာနခွဲ ရုံးသစ်သို့ ရောက်ရှိပြီး သံလွင်ဌာနခွဲ ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များကိုမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဒုတိယဝန်ကြီးသည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မော်လမြိုင် လေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်ခန်းမ၌ မော်လမြိုင်လေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဒုတိယဝန်ကြီးနှင့် ဇနီးဒေါ်ဝေဝေတို့သည် ဇန်နဝါရီ ၂၉ရက်တွင် မော်လမြိုင်မြို့ ရတနာဘုံမြင့် ကျောင်းတိုက်ကြီး၌ ဆရာတော် သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး နှစ်ပေါင်း(၁၀၀)ကျော် သက်တမ်းရှိ သမိုင်းဝင်ရှေးဟောင်း ရတနာဘုံမြင့် ကျောင်းတိုက်ကြီး ရေရှည်တည်တံ့ရေးနှင့် ဘက်စုံမွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်ရန် အလှူတော်ငွေ ကျပ် ၁၅သိန်းကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံ လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆို ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သံတွဲခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ခြင်းအခမ်းအနားကို ဇန်နဝါရီ၂၈ရက် နံနက် ၈နာရီတွင် အဆိုပါအသင်းရုံး၌ကျင်းပရာ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများတက်ရောက်ကြသည်။

ပျိုးထောင်စိုက်ပျိုး

အခမ်းအနားတွင် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့်အဖွဲ့ဝင်များက ဦးဆောင်၍ ခြံစည်းရိုးကြက်ဆူပင်အစေ့ ၁၀၀၀၊ ကိုင်းပျိုးပင် ၄၀၀၀၊ အပင်ပေါက် ၅၀တို့ကို ပျိုးထောင်စိုက်ပျိုးကြသည်။

ဆက်လက်၍ သံတွဲခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ခရိုင်အဆင့်ကျပန်းစကားပြောပြိုင်ပွဲကို ယင်းနေ့နံနက် ၉နာရီခွဲ က အဆိုပါ အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က အမှာစကားပြောကြားပြီး သံတွဲခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကြည်ရွှင်က ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြိုင်ပွဲ ကိုကျင်းပပြီး ပထမ၊ဒုတိယ၊တတိယနှင့်နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်ချီးမြှင့်

ကျောက်ဖြူမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ရက်က ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ကျင်းပရာ အသင်းနာယက ဦးမင်းကြည်က သီရိသုဓမ္မမဏိဇောတရောဘွဲ့တံဆိပ်ရ တိုင်းရင်းဆေးဆရာကြီးဦးရွှေမြအား ဂုဏ်ပြုဆုနှင့်မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ရိပ်သာဆောက်လုပ်ရေးအတွက် အမှတ် ၃၅၊ လမ်း ၁၄၀၊ မအူကုန်း တာမွေမြို့နယ်နေ ဦးခင်မောင်-ဒေါ်သန်းညွန့်မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ဇန်နဝါရီ ၂၉ရက်က လှူဒါန်းရာ ဓမ္မကထိက ဆရာဦးသိန်းဆွေနှင့် ဥက္ကဋ္ဌဦးကျော်ဦးတို့ လက်ခံယူစဉ်။

(က-ပ)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တာချီလိတ်၌ဝန်ထမ်းများအား တွေ့ဆုံမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ မူးယစ်ဗဟိုအဖွဲ့မှ ရဲမှူးကြီးသိန်းကြည်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံ)ဦးခင်မောင်သန်းတို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းက တာချီလိတ်မြို့နယ် ရဲတပ်ဖွဲ့စခန်း၌ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ရောက်ရှိပြီး ရဲတပ်ဖွဲ့ဝင် မိသားစုများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစုများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် တာချီလိတ် ရွှေတိဂုံစေတီတော်သို့ သွားရောက် ဖူးမြော် ကြည်ညိုပြီး ရွှေစင်ရွှေပြားသက်န်း ကပ်လှူရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ အမှတ်(၁) ချစ်ကြည်ရေးတံတားကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နဂါးနှစ်ကောင်ကျောင်းတိုက်သို့ရောက်ရှိပြီး နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသီရိအား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဏ္ဍိမဂုဏ်ရည် မဟာစည်ဓမ္မခရီး

ရန်ကုန် ဖေဖော်ဝါရီ ၂

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာအနီးရှိ မဏ္ဍိမဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက ဓမ္မကထိက ဗဟုဇန ဟိတဓရ သာသနတက္ကသီလ ဓမ္မာစရိယ ဒေါက်တာဘဒ္ဒန္တ ကောဝိဒ အရှင်မြတ်သည် ဖေဖော်ဝါရီ ၃ရက်ည၈နာရီတွင် သာကေတမြို့နယ် (၅)ရပ်ကွက် သုမနဓမ္မဗိမာန်၊၄ရက်ည ၈နာရီတွင် သာကေတမြို့နယ် (၄)ရပ်ကွက် ဆုတောင်းပြည့်မြစေတီ၊ ၅ ရက်ညနေ ၆ နာရီတွင် ဒေါပုံမြို့နယ် ဓမ္မာရုံ ထေရဝါဒအထူးတရားပွဲ၊ ၆ရက် ည ၈နာရီတွင် သာကေတမြို့နယ် (၁၀)ရပ်ကွက် သောတာပန်ဆီလှူပွဲဓမ္မသဘင်၊ ၇ရက်ည ၈နာရီတွင် မြောက်ဥက္ကလာမြို့နယ်၊ ဧရာ ၁၂လမ်း၊ဓမ္မသဘင်၊ ၈ရက် ည၇နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၃လမ်း ဓမ္မသဘင်၊ ၁၀ရက် ည၇နာရီတွင် သမိုင်း၊ ဒက္ခိဏာရုံကျောင်း ဓမ္မသဘင်၊ ၁၁ရက်ည ၇နာရီတွင် သဃ်န်းကျွန်းမြို့နယ်၊ မြဝတီမဟာစည် သာသနာ့ရိပ်သာ၊ ၁၃ရက်ည ၇နာရီတွင် လမ်းမတော်မြို့နယ်(၁၁)ရပ်ကွက်၊ လမ်းသစ်ရိပ်သာဓမ္မာရုံ၊ ၁၄ရက်ည ၇နာရီတွင် ရွှေပြည်သာမြို့နယ်၊ သီတဂူပန်းခြံ၊ ၁၅ရက် ည ၇နာရီတွင် ရန်ကင်းမြို့နယ် (၉)ရပ်ကွက်၊ ဝါဆိုမိုကျောင်းဓမ္မသဘင်၊ ၁၆ရက် ည၇နာရီတွင် မြေနီကုန်း ဓမ္မာရုံ ဗုဒ္ဓပူဇနိယပွဲ၊ ၁၇ရက်၊ ၁၈ရက် ည ၇နာရီတွင် မင်းလှမြို့၊ မြို့လယ်ဓမ္မာရုံ ဓမ္မသဘင်များ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

ထားဝယ်မြို့ ဘုမွော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၁၅)၏ ဓမ္မရိပ်သာကြီးတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ် နာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော်ဘဒ္ဒန္တ အဂ္ဂဉာဏသည် ဖေဖော်ဝါရီ၁၁ရက်မှ ၁၇ရက်အထိ ခုနစ်ရက်တိုင်တိုင် ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်နှင့် ပဋိစ္စသမုပ္ပာဒ် တရားတော်မြတ်ကို ဟောပြောပြသမည်ဖြစ်သည်။

တရားစခန်း ဝင်ရောက်လိုသူများသည် ဖေဖော်ဝါရီ၁၀ရက် နောက်ဆုံးထား၍ မိုးကုတ်ရိပ်သာဓမ္မာရုံ ဖုန်း-၀၅၉-၂၂၂၇၆သို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

အမှာစကားပြောကြား

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ရဲတပ်ဖွဲ့ဝင်မိသားစုများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မိသားစုများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ဝန်ထမ်းများနှင့် မိသားစုများအား အမှာစကားပြောကြားစဉ်။

(ပြည်ထဲရေး)

ဘုရင့်နောင်ဈေးတွင် သွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးတွင် ဖေဖော်ဝါရီ၁၈ရက်(စနေနေ့)၌ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဈေးသာယာရေးကော်မတီ၏ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

ပြီးခဲ့သည့် သွေးလှူဒါန်းပွဲ သုံးကြိမ်တွင် သွေးပုလင်းပေါင်း ၅၀၄ပုလင်းနှင့် ငွေကျပ်၁၈သိန်းခန့်ကို အမျိုးသားသွေးလှူဘဏ်သို့ ပေးလှူနိုင်ခဲ့ပြီးဖြစ်သည်။ ယခုအကြိမ် သွေးလှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် သွေးလှူဒါန်းပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၇၂၆၂၆၉နှင့် အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း-၇၂၈၄၆၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးမျိုးဝင်း၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းမိသားစုများက ဘိုးဘွားများနေ့ အထိမ်းအမှတ်အလံကလေးများအတွက်နှင့်ဆေးရုံစကြံ လမ်းအတွက် ငွေကျပ်ရှစ်သိန်းနှစ်သောင်းခုနစ်ရာ့ ငါးဆယ်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များရှင်းလင်းတင်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စပယ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများဖြစ်ကြသော ဒေါ်ခင်သက်ဌေးနှင့် ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ နှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးက ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့က ဦးဆောင်၍ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏(၂၀၀၅)ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နှစ်သိမ့်ဆွေးနွေးပညာပေးဌာနများတွင် ပါဝင်ထမ်းဆောင်ခဲ့ကြသော Counsellerများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ (၂၀၀၅)ခုနှစ်အတွင်း ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် အမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများက (၂၀၀၅) ခုနှစ် အတွင်း ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင် ကူညီဆောင်ရွက်ခဲ့ကြသည့် အမျိုးသမီးရေးရာအဖွဲ့ ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

လက်ခံရယူ

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ အလှူရှင် ၆၄ ဦးက စုစုပေါင်းအလှူငွေကျပ် ၆၅သိန်းကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လိုက်လံကြည့်ရှု

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများဖြစ်ကြသော ဒေါ်ခင်သက်ဌေး၊ ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် ခန်းမအပြင်၌ ပြသထားသည့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နှစ်သိမ့်ဆွေးနွေးပညာပေးဌာနများတွင် ပါဝင်ထမ်းဆောင်ခဲ့ကြသော Counseller တစ်ဦးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃-၂-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၂၅ ၉။ ဖောင်းကတောရေလျောင်တမံ
- ၈း၃၀ ၁၀။ International News
- ၈း၄၅ ၁၁။ English for Everyday Ues
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၅ ၄။ အဆိုပြိုင်ပွဲ
- ၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ]
- ၁၇း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇း၂၅ ၇။ အကပြိုင်ပွဲ
- ၁၇း၃၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၁၈း၀၀ ၉။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉း၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း-၂)
- ၁၉း၄၅ ၁၃။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ (အပိုင်း-၁၀)
- ၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"**

ခြံစည်းရိုးကြက်ဆူဆီဖြင့် တောင်သူလယ်သမားများဘဝ ထွန်းပြောင်အံ့

ကျော်စွာငယ်
(ဓာနယ်ဇင်း)

“တိုင်းနှင့်ပြည်နယ် တစ်ခုစီတွင် ကြက်ဆူပင် ဧက ငါးသိန်းစီ သုံးနှစ်အတွင်းစိုက်ပျိုးရန်နှင့် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဧကခုနစ်သန်း စိုက်ပျိုးရန်”

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ [(၁၅-၁၂-၂၀၀၅)ရက်နေ့တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တာဝန်ရှိသူများအား ပြင်ဦးလွင်မြို့၌ တွေ့ဆုံလမ်းညွှန်မှာကြားချက်-]

နိုင်ငံတစ်ဝန်း ခြံစည်းရိုးကြက်ဆူပင်ဧက ခုနစ်သန်း ပြည့်မီအောင် စိုက်ပျိုးကြမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်း ဒေသတစ်ခုချင်းစီတွင် သုံးနှစ်အတွင်း စိုက်ဧက ငါးသိန်း ပြည့်မီရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ် အလိုက် သတ်မှတ်ထားသော စီမံချက်များနှင့်အညီ အားကြိုးမာန်တက် စိုက်ပျိုးနေကြသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်နေရသည်။

ယခုတလော သတင်းစာများတွင် ခြံစည်းရိုး ကြက်ဆူပင်နှင့် ပတ်သက်သည့် သတင်းများနှင့် ဆောင်းပါးများကို ဖတ်ရသည့်အတွက် မွေးရပ်ဌာနေ အညာမြေကို ပို၍သတိရမိသည်။ အညာဒေသတွင်နေစဉ်က ကြက်ဆူ၊ ထနောင်း၊ တမာ၊ ဒဟတ်စသည့် အညာဒေသ၏ ပုံရိပ်များကို မြင်ယောင်နေမိသည်။

အထူးသဖြင့် ကြက်ဆူပင်များသည် ကျွန်တော်တို့ ရပ်ရွာဒေသဝန်းကျင်တွင် မည်သူမျှ ဂရုတစိုက်ပြုစုခြင်း မရှိဘဲအလိုအလျောက် လှိုင်လှိုင်ပေါက်ရောက်နေသော အပင်များ ဖြစ်ကြသည်။ ၎င်း၏ အကျိုးအာနိသင်ကို ထူးထူးခြားခြား လေ့လာနိုင်ခြင်းမရှိခဲ့ကြ၍ ခြံစည်းရိုး အပင်အဖြစ်သာ ဒေသခံပြည်သူများက အမှုမဲ့၊ အမှတ်မဲ့ သဘောထားခဲ့ကြသည်။

ယခုမူ ၎င်းခြံစည်းရိုးကြက်ဆူပင်များသည် နိုင်ငံ့အကျိုးပြု၊ ပြည်သူအကျိုးပြု အဖိုးတန်အပင်များ ဖြစ်သည်ကို သိလာကြ၍ တိုင်းရင်းသားပြည်သူအားလုံး ဝမ်းသာပီတိ ဖြစ်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံ ဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံပြီး ပြည်သူများ စားဝတ်နေရေး ဖူလုံရန်အတွက်သာမက အမျိုးသား စီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက်ပါ ပိုမို အလေးထား အကောင်အထည်ဖော်နေသော နိုင်ငံ တစ်နိုင်ငံဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းသည် ဒေသတစ်ခုချင်း၏ စားနပ် ရိက္ခာဖူလုံပြည့်စုံရေး၊ ဒေသ၏အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးနှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် အခြေခံကောင်းတစ်ခု ဖြစ်နေသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီနည်းပညာရပ်များဖြင့် ပြုပြင်ဖန်တီးပေးခြင်း၊ သီးနှံစိုက်စွမ်းအား မြင့်မားလာစေခြင်း၊ အမယ်သစ် သီးနှံများ စိုက်ပျိုးခြင်း၊ စိုက်နည်းစနစ်များ အသုံးပြုစေခြင်းတို့ကို နိုင်ငံတော်က အဘက်ဘက်မှ အားပေးကူညီနေသည့်အချိန်အခါ ဖြစ်သည်။

ဒေသတွင်းရေမြေရာသီဥတု ကောင်းမွန်မှုများနှင့် အညီ အဓိကသီးနှံ ၁၀မျိုး၊ နှစ်ရှည်သီးနှံသုံးမျိုး၊ အမယ်သစ်သီးနှံ သုံးမျိုးတို့ကို လျာထားချက်နှင့်အညီ စိုက်ပျိုးနေကြသည်။ စာရေးသူတို့ အညာဒေသတွင် ပုံမှန်သီးနှံများ၊ သတ်မှတ် ပန်းတိုင်အထွက်တိုး သီးနှံများ စိုက်ပျိုးနေကြဆဲကာလတွင် ယခုအခါ ဇီဝဒီဇယ် ဆီထုတ်လုပ်နိုင်သည့် ခြံစည်းရိုး ကြက်ဆူပင်များကို ဒေသအနှံ့ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြသည်ကို တွေ့နေရသည်။

ခြံစည်းရိုး ကြက်ဆူဆီသုံး မီးဖိုဖြင့် စမ်းသပ်ချက်ပြုတ်နိုင်မှုကို ဤသို့ ကြည့်ရှုခဲ့ကြသည်။

အဖိုးတန်၊ အကျိုးများသည့် ခြံစည်းရိုးကြက်ဆူပင်ကို ယခင်က မြန်မာနိုင်ငံအပူပိုင်းဒေသ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ယာမြေ၊ နေအိမ်၊ ကျေးရွာများတွင် ခြံစည်းရိုးပင်များအဖြစ်သာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ ဘက်စုံအကျိုးဖြစ်ထွန်းမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာကြပြီဖြစ်သဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပြည်နယ်နှင့်တိုင်း ဒေသအနှံ့တွင် အင်တိုက်အားတိုက် ဖြန့်ကြက် စိုက်ပျိုးနေကြပြီ ဖြစ်သည်။

ယခုအခါ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်နှင့် စုပေါင်းစိုက်ပျိုးပွဲများကို ပြည်နယ်နှင့်တိုင်းအလိုက် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနေကြပြီ ဖြစ်သည်။ ခြံစည်းရိုး ကြက်ဆူပင်သည် ကာလတိုအတွင်း အကျိုးအမြတ်ရရှိစေမည့် နှစ်ရှည်သီးနှံ တစ်မျိုးဖြစ်သဖြင့် ဒေသခံပြည်သူများ ပိုမိုစိတ်ပါဝင်စားစွာ ပါဝင်စိုက်ပျိုးလာကြခြင်းဖြစ်သည်။ ခြံစည်းရိုးကြက်ဆူပင်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလိုသူများအား နီးစပ်ရာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းများက လိုအပ်သော အကူအညီပေးလျက်ရှိကြောင်း သိရသည်။

ခြံစည်းရိုး ကြက်ဆူဆီဖြင့် ဤသို့ မီးထွန်းနိုင်သည်။

ဤသို့ ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေမှုများကြောင့် မကြာမီကာလတွင် ကြက်ဆူပင်၏ အကျိုးကျေးဇူးများကို ဒေသခံတိုင်းရင်းသား ပြည်သူများ မုချမသွေ ခံစားကြရတော့မည်ဖြစ်သည်။ ကြက်ဆူပင်၏ အကျိုးဖြစ်ထွန်းမှုမှာ များလှသည်။ ကြက်ဆူစေ့ အထွက်နှုန်းသည် အပင်ငယ်စဉ် နှစ်နှစ်မှ ငါးနှစ်သား အတွင်း တစ်ပင်လျှင် နွေသီး နို့ဆီဘူးနှစ်ဘူး၊ မိုးသီး တစ်ပြည်ရရှိသည်။ တစ်ဧကစိုက်လျှင် အစေ့ထွက် ၉၃တင်း (တစ်တန်ခွဲ) ထွက်ရှိသည်။ ခြောက်နှစ်သားမှ စတင်ဆွတ်ခူးမည်ဆိုပါက တစ်ပင်လျှင် နွေသီး နို့ဆီဘူးသုံးဘူးနှင့် မိုးသီး နို့ဆီဘူး၁၁ဘူး ထွက်ရှိမည်ဖြစ်ရာ တစ်ဧကလျှင် အစေ့ ၁၂၄တင်း (နှစ်တန်) ရရှိမည် ဖြစ်သည်။

ထို့ကြောင့် ပြည်နယ်နှင့်တိုင်းအလိုက် သုံးနှစ်အတွင်း ဧက ငါးသိန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ပါက ငါးနှစ် သားအတွင်း ဆွတ်ခူးလျှင် တင်းသန်းပေါင်း ၄၆သန်းကျော် (တန်အားဖြင့် ခုနစ်သိန်းခွဲ) ရရှိလာမည် ဖြစ်သည်။ ခြောက်နှစ်သားမှ စတင်ဆွတ်ခူးလျှင် တင်းပေါင်း ၆၂သန်း(တန်အားဖြင့် တစ်သန်း) ရရှိမည် ဖြစ်သည်။ တစ်နိုင်ငံလုံး တွင် စိုက်ဧက ခုနစ်သန်း ပြည့်မီပါက တင်းသန်းပေါင်း ၈၆၈သန်း ထွက်ရှိလာမည် ဖြစ်သည်။

ဆီထွက်နှုန်းအနေဖြင့် ငါးနှစ်သားအထိ တစ်ဧကလျှင် ဆီထွက် ၁၇၈ပိဿာ၊ ဇီဝဒီဇယ်ဆီ ၇၄ဂါလန်၊ ကြိတ်ဖတ် ၄၆၅ပိဿာ ထွက်ရှိမည်ဖြစ်ရာ တိုင်းနှင့်ပြည်နယ်အလိုက် ဧကငါးသိန်းပြည့်မီအောင် စိုက်ပျိုးနိုင်လျှင် ဆီထွက် ပိဿာ ၈၉သန်း၊ ဇီဝဒီဇယ်ဆီ

စာမျက်နှာ ၁၁ ကော်လံ ၁သို့

ခြံစည်းရိုး ကြက်ဆူပင်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြခြင်းဖြင့် ဇီဝဒီဇယ်ဆီ ဂါလန်သန်းပေါင်းများစွာရရှိပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်လည်း သက်သာ၊ တောင်သူလယ်သမားများအတွက် ဝင်ငွေလည်း တိုးပွား၊ တိုင်းရင်းသားပြည်သူများအတွက် လူမှုဘဝ မြင့်မားတိုးတက်လာရုံမျှမက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ များစွာ အထောက်အကူပြုလာမည် ဖြစ်။

ခြံစည်းရိုးကြက်ဆူဆီဖြင့် ရေစုပ်စက်အင်ဂျင် စမ်းသပ်မောင်းနှင်နေသည်ကို ဤသို့တွေ့ရသည်။

ခြံစည်းရိုး ကြက်ဆူဆီဖြင့် ဂျစ်ကားများ မောင်းနှင်နေသည်ကို တွေ့ရစဉ်။

လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ ကိန်းဝပ်စံပယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ပဉ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ဂေါပကအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တင်ပြဆွေးနွေး

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဦးအုံးမောင်က ပွဲတော်နှင့် စပ်လျဉ်း၍ အကြံပြုဖြည့်စွက်တင်ပြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က ပဉ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို တင်ပြဆွေးနွေးသည်။

ထို့နောက် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေး တင်ပြကြပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၈ရက်က လှိုင်မြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်း ကျောင်းတွင်ဇမ္ဗူ့ရတနာယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း မြတ် မ င်္ဂ လာ ကျောင်းတိုက်မှ ဆ ရာ တော် အရှင်သြဘာသနှင့် (၁၂) ရပ်ကွက် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ တိက္ခာစာရ တို့ ကြီးမှူး၍ မြတ်မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ကျောင်းအဆင့်၊ မြို့နယ်အဆင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပထမဆုရရှိသော အထက(၂) လှိုင်မှ မသူဇာအား ဆရာမကြီးဒေါ်နွဲ့မူစိန် ဆုချီးမြှင့်စဉ်။ (က-ပ)

မင်းဘူး - ရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနီယပွဲတော် စတင်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော မင်းဘူး-ရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနီယ ပွဲတော်ကို ၁၃၆၇ခုနှစ် တပို့တွဲလဆန်း ၅ရက် ယနေ့နံနက် ၈နာရီက စတင်၍ ဖွင့်လှစ်လိုက်သည်။

ပွဲတော်သို့ ဘုရားဖူးများ လွယ်ကူစွာလာရောက်နိုင်ရန် လမ်းနှင့် တံတားများကို ပြုပြင်ထားပြီး ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သူရ ခေါင်းဆောင်သောအဖွဲ့က ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေး စီစဉ်ထားသည်။ ဈေးဆိုင်ခန်းများနှင့် ပျော်ပွဲရွှင်ပွဲများကိုလည်း စနစ်တကျ ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော ရေးဟောင်းသမိုင်းဝင် ရွှေနားပန်စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်တွင် ဂိုဏ်းပေါင်းစုံ သံဃာ ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရာ သြဝါဒ စရိယဆရာတော်ကြီး ဦးပညာဝံသအား ဦးဘိုးသံ-ဒေါ်စာဥ မိသားစု (တာမွေလေး)က ဆွမ်းဆန်စိမ်း လောင်းလှူနေစဉ်။

(က-ပ)

စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေ အတ္ထုပ္ပတ္တိထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၂



စာပေဆုများ၊ တက္ကသိုလ်ပညာရည်ချွန်ဆုများ နှစ်စဉ်ချီးမြှင့်နိုင်ရန် နိုင်ငံတော်သို့ ငွေကျပ် ၁၂၆သိန်း လှူဒါန်းခဲ့သူ ပခုက္ကူမြို့မှ သိန်းတစ်ရာ ဆေးရွက်ကြီးပေါင်းရုံ ပိုင်ရှင် ဦးအုံးဖေ၏ ဘဝခရီးကို ရေးဖွဲ့ထားသော စာရေးဆရာ တက္ကသိုလ်စိန်တင်၏ ၁၉၉၃ခုနှစ် အမျိုးသားစာပေဆုရ "ပခုက္ကူဦးအုံးဖေ၊ ဘဝခရီးနှင့် အောင်မြင်နည်း အတွေ့အကြုံများ"စာအုပ်ကို အားမာန်သစ်စာပေ အမှတ် ၁၄၃ မြန်မာ့ဂုဏ်ရည်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၄၆၈၅ က ဇန်နဝါရီ ၃၀ရက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

(အပေါ်ပုံ)

အဆိုပါ စာအုပ်တွင် အမှားမှအမှန်သို့ ပြုပြင်ပြောင်းလဲနိုင်ခဲ့၍ ဆင်းရဲသားဘဝမှ ငွေကြေးပြည့်စုံကြွယ်ဝသော စာပေဆု အလှူရှင်ဘဝသို့ တက်လှမ်းနိုင်ခဲ့ပုံများကို စံပြုဖွယ်၊ နည်းယူဖွယ်၊ သင်ခန်းစာယူဖွယ် ရေးဖွဲ့ထားပြီး စာအုပ်မျက်နှာဖုံးကို ပန်းချီမောင်ကျော်ညွန့်က ရေးခြယ်၍ အတွင်းသရုပ်ဖော်ဓာတ်ပုံများကို ဆေးရောင်စုံဖြင့် ပုံနှိပ်ဖော်ပြထားသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ဂါလန် ၃၇သန်းနှင့် ကြိတ်ဖတ်ပိဿာ ၂၃၂သန်းကျော် အသီးသီးရရှိမည် ဖြစ်သည်။

ခြောက်နှစ်သားမှ စတင်ဆွတ်ခူးပါက တစ်ဧကလျှင် ဆီထွက် ၂၄၈ပိဿာ၊ ဇီဝဒီဇယ်ဆီ ဂါလန် ၁၀၀နှင့် ကြိတ်ဖတ် ၆၅၅ပိဿာ ထွက်ရှိမည်ဖြစ်ရာ ဧက ငါးသိန်းတွင် ဆီထွက်ပိဿာ ၁၂၄သန်း၊ ဇီဝဒီဇယ်ဆီ ဂါလန်သန်း ၅၀နှင့် ကြိတ်ဖတ်ပိဿာ ၃၂၇သန်းကျော် ရရှိလာမည် ဖြစ်သည်။

ခြံစည်းရိုးကြက်ဆူပင်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုး ကြခြင်းဖြင့် ဇီဝဒီဇယ်ဆီ ဂါလန်သန်းပေါင်းများစွာ ရရှိပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်လည်း သက်သာ၊ တောင်သူလယ်သမားများအတွက် ဝင်ငွေလည်း တိုးပွား၊ တိုင်းရင်းသားပြည်သူများအတွက် လူမှုဘဝ မြင့်မား တိုးတက်လာရုံမျှမက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ များစွာ အထောက်အကူ ပြုလာမည် ဖြစ်သည်။

ခြံစည်းရိုးကြက်ဆူဆီ ထုတ်ယူရာတွင် စက်ပစ္စည်း ရှင်းနီးမှုမများဘဲ အလွယ်တကူ ထုတ်ယူနိုင်သည်။ ကျေးရွာများတွင်ရှိသော လက်လှည့်ဖိစက်နှင့် လွန်သွားဖြင့် ကြိတ်ယူ၍ လွယ်ကူစွာ ထုတ်ယူနိုင်သည်။ ကြက်ဆူဆီကို အနယ်အနှစ်မပါအောင် အဝတ်ပိတ်စဖြင့် စစ်ယူပြီး လောင်စာဆီအဖြစ် မပြုပြင်ဘဲ ပစ်စတင် တစ်လုံးထိုး အင်ဂျင်များတွင် တိုက်ရိုက်အသုံးပြုနိုင်သည်။

ကြက်ဆူဆီ ဘေးထွက်ကြိတ်ဖတ်များ၌ အပင်တွင် လိုအပ်သော အာဟာရဓာတ်များပါဝင်သဖြင့် သဘာဝ မြေသြဇာအဖြစ်ပါ အသုံးပြုနိုင်သည်။ ထို့အပြင် မလိုအပ်သည့် ကိုင်းဖြတ်များကိုလည်း ထင်းမီး လောင်စာအဖြစ် အသုံး ပြုနိုင်သည်။ ခြံစည်းရိုး ကြက်ဆူပင်သည် မြေဆီလွှာ ပြုန်းတီးမှုကို ပြန်လည် ထိန်းသိမ်း ပြုပြင်နိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း အထောက်အကူ ဖြစ်စေသည်။

ယခုအခါ ကျေးလက်ဒေသများရှိ လယ်ယာလုပ်ငန်းခွင်များတွင် ဇီဝဒီဇယ်ဆီကို အသုံးပြု၍ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ရိတ်သိမ်းစက်၊ လူတင်ပစ္စည်းတင် ထော်လာဂျီများသာမက လယ်ထွန်စက်ကြီးများအထိပင် စမ်းသပ်မောင်းနှင်နေပြီဖြစ်သည်။ အလားတူပင် မြစ်ချောင်းများတွင် မြင်းကောင်ရေ အား၂၀အထိရှိသော မော်တော်များ၊ ပဲ့ထောင်များ၊ စက်လှေများတွင်လည်း အသုံးပြုနေပြီ ဖြစ်သည်။

အချို့ကျေးလက်ဒေသများတွင် ဒေသခံပြည်သူများသည် ရေနံဆီမီးအိမ်၊ မီးခွက်ငယ်များကို အသုံးပြုရာမှ ယခုအခါ ဇီဝဒီဇယ်ဆီသုံး မီးအိမ်များ၊ မီးဖိုများကိုပါ အသုံးပြုနေကြပြီ ဖြစ်သည်။

ကျေးလက်ဒေသများတွင် ဇီဝဒီဇယ်ဆီသုံး မီးစက်များကို အသုံးပြု၍ စာကြည့်ခန်း၊ စာဖတ်ခန်း၊ နေအိမ်တို့တွင် မီးသီး၊ မီးချောင်း၊ တီဗွီများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်းလည်း ကြားသိနေရသည်။ ထို့အပြင် မော်တော်ယာဉ်များတွင် ဇီဝဒီဇယ်ဆီကို အသုံးပြု၍ စမ်းသပ်မောင်းနှင်ရာ ဇီဝဒီဇယ်ဆီတစ်ဂါလန်လျှင် ၂၃ မိုင်ခန့် စမ်းသပ်မောင်းနှင်နိုင်ကြောင်း တွေ့ရှိရသည်။

ယနေ့ မျက်မှောက်ကာလသည် သိပ္ပံနှင့် နည်းပညာများ ထွန်းကားနေသော ကာလဖြစ်သည်။ တိုးတက်လာသော လူနေမှုစနစ်၊ မြင့်မားလာသော စက်မှုတည်ဆောက်မှု ပုံစံများအရ လောင်စာဆီ သုံးစွဲမှုမှာ တစ်နှစ်ထက်တစ်နှစ် မြင့်မားတိုးတက်လျက်ရှိသည်။ သဘာဝတွင်းထွက် လောင်စာများကို လူတို့လိုသလောက် ထုတ်ယူနေမှုကြောင့် တစ်နေ့သော အချိန်ကာလတွင် လောင်စာဆီရှားပါးမှု၊ လျော့နည်းပပျောက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သည်။

အဆိုပါ ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ဇီဝလောင်စာဆီ ထုတ်လုပ်ပေးနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို ဒေသအလိုက် အမှန်တကယ် တိုးမြှင့်စိုက်ပျိုးသွားကြရန် လိုအပ်နေပြီ ဖြစ်သည်။

ခြံစည်းရိုးကြက်ဆူပင်များကို ပြည်နယ်နှင့်တိုင်း အလိုက် သတ်မှတ်စိုက်ဧက ငါးသိန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ပါက ငါးနှစ်အကြာတွင် ဇီဝဒီဇယ်ဆီ ဂါလန် သန်း၅၀ အသီးသီးထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် တစ်နိုင်ငံလုံးအနေဖြင့် နှစ်စဉ် စွမ်းအင်ကဏ္ဍမှ ဇီဝဒီဇယ်ဆီ ဂါလန် သန်း၇၀၀ခန့်အထိ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံအတွက် နှစ်စဉ်လိုအပ်သော ဒီဇယ်လောင်စာဆီကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည့်အပြင် နိုင်ငံခြားငွေလည်း သိသိသာသာလျော့နည်း သက်သာလာမည် ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်နိုင်သည်။

သို့ဖြစ်ရာ **"သစ်ပင်စိုက်မည်ဆိုလျှင် လွန်ခဲ့သော အနှစ် ၂၀ သည် အကောင်းဆုံးအချိန်ဖြစ်ပြီး၊ ဒုတိယ အကောင်းဆုံးအချိန်သည် ယခုအချိန် ဖြစ်သည်"** ဟူသည့် ဆိုစကားနှင့်အညီ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးရန် အသင့်တော်ဆုံး၊ အကောင်းဆုံး အချိန်သည် ယနေ့အချိန်ပင်ဖြစ်ရာ လက်တွေ့အကျိုးများသည့် ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုး၍ ရသည့်နေရာဟူသမျှ၌ ရှင်သန်ဖွံ့ဖြိုး အောင်မြင်အောင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာနိုင်သည်နှင့်အမျှ တောင်သူလယ်သမားများ၏ဘဝ ပိုမိုထွန်းပြောင်လာတော့မည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဇန်နဝါရီ၂၈ရက်က ပန်းတနော်မြို့နယ်ရွှေလှေ အထက ၂၀၀၄-၂၀၀၅ ပညာရေး စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ဒုတိယတန်းမှ ပဉ္စမတန်းအထိ လေးနှစ်ဆက်တိုက် ထူးချွန်ဆု ရရှိသော မရည်မွန်ဇော် အား ကျောင်း အ ကျိုးတော်ဆောင် အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းနိုင်က ဆုချီးမြှင့်စဉ်။

(က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ(၂)ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၄၉၅၄၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေ ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) သစ်သီးယိုမျိုးစုံထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) သစ်သီးယိုမျိုးစုံ ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ၁၂နာရီခွဲက ကျိုင်းတုံမြို့ ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ခန်းမဦးကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းလက်မှတ်ချီးမြှင့်

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာမ သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရန်ကုန်)မှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်ဇံက သစ်သီးယိုမျိုးစုံ ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် တက်ရောက်ခဲ့ကြသော သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ရာ သင်တန်းကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ဆက်လက်၍ တိုင်းမှူး၏ဇနီး ဒေါ်ကြူကြူလှက သင်တန်းနည်းပြဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီးနောက် သင်တန်းသား သင်တန်းသူများကိုယ်စား မိုင်းယောင်းမြို့နယ်မှ သင်တန်းသူ မနန်းခင်စုဟိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီး တက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော သင်တန်းသားများ၏လက်ရာ ဒေသထွက် သစ်သီးအမျိုးမျိုးဖြင့် ပြုလုပ်ထားသည့် သစ်သီးဖျော်ရည်များ၊ သစ်သီးယိုများ၊ သစ်သီးအခြောက်များနှင့် သစ်သီးဝိုင်များကို ကြည့်ရှုအားပေးကြသည်။

တက်ရောက်

အဆိုပါ သစ်သီးယိုမျိုးစုံ ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဇန်နဝါရီ ၂၃ရက်မှ ၃၀ရက်နေ့အထိ ၈ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်များမှ ဒေသခံတိုင်းရင်းသား လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၇၁ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ် ၂၅(ခ) စလင်းလမ်း ကြည့်မြင်တိုင်မြို့နယ်နေ ဦးဗိုးရား-ဒေါ်ကြင်ဆိုင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ဆေး၊ ငွေပဒေသာပင်အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။ (က-ပ)

တာချီလိတ် မယ်ခေါင်ရပ်ကွက်ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ နှင့် အမျိုးသားညီလာခံကို ထောက်ခံသောအားဖြင့် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ပတ်လမ်းကတ္တရာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါ လမ်းထိပ်မုခ်ဦး၌ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်၊ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး၊ မယ်ခေါင်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနန်စောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်ပြီးစီး

မယ်ခေါင်ရပ်ကွက်ပတ်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၁၈၅၀၀၀ ဖြင့် အရှည် ၄၇၅ ပေ၊ အကျယ် ၁၂ ပေကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် လုပ်ငန်းတစ်ခုလုံး ဆောင်ရွက်ပြီးစီးခဲ့သည်။

လမ်းသစ်ဖွင့်ပွဲတွင် တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်က လမ်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း၊ ရပ်ကွက်သူ ရပ်ကွက်သားများကိုယ်စား မယ်ခေါင်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနန်စောက ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားကြသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်၊ တာချီလိတ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်၊ မယ်ခေါင်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနန်စောနှင့် ဧည့်သည်တော်များသည် ကတ္တရာလမ်းသစ်ကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ အလုံမြို့နယ် ငုဝါလမ်း အမှတ် ၆၃ နေ ထွန်းမင်းဝင်း(ခ) မင်းမင်းအားရည်စုး၍ ကိုညီညီအောင်နှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀ သိန်းကို ဇန်နဝါရီ ၂၀ ရက်က ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၀၆
(သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အမျိုးသားပြတိုက် မြန်မာ့အက္ခရာနှင့် လက်ရေးမူပြခန်း
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	Management Talk
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	ဒဟတ်ပန်းတစ်ခိုင် (မင်းမော်ကွန်း၊ မြသဉ္ဇာလီ)
၈:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	ချစ်သောမှို
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	မိုးလေဝသခန့်မှန်းချက်
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	Myanmar Video Rhythm
၉:၄၅	သစ်သီးဝလံသုတေသနပြု ဆောင်ရွက်ခြင်း
၉:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ရွှင်လန်းတက်ကြွ မျိုးဆက်သစ်မော်ဒယ်အလှ
၁၀:၂၅	စက်သုံးဆီချွေတာဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	စားချင်စဖွယ် မုန့်လုပ်နည်း အသွယ်သွယ် (ဝက်သားတုတ်ထိုး)
၁၀:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	ပြည်သူ့အတွက် ကျန်းမာရေး (ပိုးလေးဖက်နာရောဂါ မေးမြန်းခန်း)
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅	တည်ဆောက်ရေးအတွက် မျက်နှာပန်းလှသည့် ထုတ်ကုန် သရက်ဘိလပ်မြေစက်ရုံ
၁၁:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	မြန်မာ့ရိုးရာ တူရိယာပစ္စည်းများထဲမှ တိုင်းရင်းသားတို့ တူရိယာ
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

တစ်ခါက ရောဝတီညများ ဇာတ်ကားရုံဝင်လာ ပြသဆဲ နိုင်ငံခြားဇာတ်ကားများ ဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂

ယခု သောကြာပတ်တွင် ဒါရိုက်တာ မီးပွားရိုက်ကူးသည့် **တစ်ခါက ရောဝတီညများ** ဇာတ်ကား သမ္မတရုံတွင် ရုံဝင်လာသည်။ တစ်ခါက

မင်္ဂလာပါ ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ရောဝတီညများတွင် လွင်မိုး၊ ထွန်းအိန္ဒြာဗိုတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ရှေ့ဆောင်ရုံတွင် **မင်္ဂလာပါ** ဇာတ်ကား အရှိန်အဟုန် ကောင်းနေဆဲဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

သွင်ရုံတွင် Four Brothers ဇာတ်ကားပြသနေပြီး မင်္ဂလာရုံတွင် Die Another Day ဂျိမ်းစ်ဘွန်း ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ နေပြည်တော်ရုံတွင် Seven Swords သိုင်းဇာတ်ကား ပြသနေပြီး ဆုထူးပန်ရုံတွင် အိန္ဒိယဇာတ်ကား Ab Ke Baras ရုံဝင်လာသည်။ နဝဒေး ရုပ်ရှင်ရုံတွင် ဒါရိုက်တာ ကျော်သူ ရိုက်ကူးသည့် **ပုဏ္ဏာရိက** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား ပြသနေပြီး မဟာမြိုင်နှင့် မြရတနာရုံ များတွင် **မျိုးစေ့** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကား ပြသလျက်ရှိသည်။

သကြ်န်ဝေးဝေး ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်။

ရုပ်ရှင်သတင်းထောက်

ဆဋ္ဌဂံ ရုံတင်မည်

မစန္ဒာ၏ဝတ္ထုကို ဒါရိုက်တာ ကြည်စိုးထွန်းရိုက်ကူးသည့် **ဆဋ္ဌဂံ** မြန်မာဇာတ်ကား မကြာမီရုံဝင်လာမည်ဖြစ်သည်။ မိခင်ဆိုသည့် အရွယ်သုံးပါးထဲက မိန်းမခြောက်ယောက်တို့၏ အလွှာအစုံစုံ၊ ဘဝအစုံစုံ၊ စရိုက်အစုံစုံကို ရိုက်ကူးတင်ဆက်ထားသည်။

မတူညီသည့် မိန်းမ ခြောက်ယောက်အဖြစ် အကယ်ဒမီ မြင့်မြင့်ခိုင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ အကယ်ဒမီ မျိုးသန္တာထွန်း၊ အကယ်ဒမီ ခင်ဇာခြည်ကျော်၊ အကယ်ဒမီ စိုးမြတ်နန္ဒာနှင့် ဆုရွှန်းလဲ့တို့ ပါဝင်ထားသည်။ လွင်မိုး၊ ဝေဠုကျော်၊ သျှားညို၊ လျှမ်းထက်၊ ရွှေသွေး၊ ချမ်းသာကြည်စိုး၊ ထွန်းထွန်းဝင်း၊ သုမောင်တို့က မိခင်ခြောက်ယောက်ကို အားဖြည့်ပေးထားသည်။ အိမ်ထောင်ရေး ပညာပေး ဇာတ်ကားကောင်း ဖြစ်သည်။

ရွှေဂုန်ရုံမြေညီထပ်တွင် လွင်မိုး၊ ခန့်စည်သူနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် သကြ်န်ဝေးဝေးဇာတ်ကား ရုံဝင်လာသည်။

ပုဏ္ဏာရိက ဇာတ်ကားမှ ကျော်သူနှင့် ဒေါ်မြင့်မြင့်ခင်။

ဤဇာတ်ကားတွင် ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော သကြ်န်နှစ်သစ်ကူးကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ရွှေဂုန်ရုံအပေါ်ထပ်တွင် စတီဗင်ဆီးဂဲလ် ပါဝင်ထားသော Under Siege ဇာတ်ကား ပြသလျက်ရှိပြီး မြို့မရုံတွင် အက်ရှင်မင်းသား အက်ရှေးကူးမာရ်နှင့် မင်းသမီး မပြီးမား ချောင်ဒရီတို့ သရုပ်ဆောင်ထားသည့် Khiladi 420 ဇာတ်ကား ရုံဝင်လာသည်။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်ဘောလုံးပွဲစဉ် ၂၄ နှင့် ၂၃ လက်ကျန်ပွဲများယှဉ်ပြိုင် ချယ်လ်ဆီးသရေကျ၊ မန်ယူနှင့် အာဆင်နယ်တို့ ရှုံးပွဲများကြုံရ

လန်ဒန် ဖေဖော်ဝါရီ ၂

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ် ၂၄ နှင့် ၂၃ လက်ကျန်ပွဲစဉ်များကို ဖေဖော်ဝါရီ ၂ ရက်(ကြာသပတေးနေ့)က ဆက်လက်ကစားရာ နာမည်ကြီးအသင်းများဖြစ်သည့် ချယ်လ်ဆီး၊ မန်ယူ၊ အာဆင်နယ်၊ လီဗာပူးတို့ သရေနှင့် အရှုံးပွဲများဖြင့် ကြုံတွေ့ခဲ့ကြရသည်။

အက်စတွန်ဗီလာနှင့်ချယ်လ်ဆီး

ပရီမီယာလိဂ်ကို ထိပ်ဆုံးမှ ပြတ်ပြတ်သားသား ဦးဆောင်နေသော ချယ်လ်ဆီးတို့ အဆင့် ၁၄ မှ အက်စတွန်ဗီလာကို အဝေးကွင်း၌ တစ်ဂိုးစီ သရေသာကစားနိုင်ခဲ့သည်။ ချယ်လ်ဆီးအတွက် အဝေးကွင်းတွင် ဒုတိယမြောက် သရေပွဲဖြစ်ခဲ့သော်လည်း ဒုတိယနေရာမှ မန်ယူကို ပွဲတူ ၁၅ မှတ် ဖြတ်ထားနိုင်ဆဲဖြစ်သည်။

အာဂျန်ရော်ဘင်၊ ဂတ်ဂျွန်ဆင်၊ ခရက်စပိုတို့က လမ်းပတ်၊ မာခီလီလီတို့၏ ဘောလုံးအပေးအပို့တို့ဖြင့် အက်စတွန်ဗီလာ နောက်တန်းကို အချိန်ပြည့် ခြိမ်းခြောက်နိုင်ခဲ့သည်။ ချယ်လ်ဆီးတိုက်စစ်မှူးများ၏ နေရာစုံမှ ထိုးဖောက်မှုကို အက်စတွန်ဗီလာ နောက်တန်းခံစစ်မှူးများ ကြိုးစားဟန့်တားနေရာမှ ပွဲချိန် ၁၄ မိနစ်တွင် ချယ်လ်ဆီး တောင်ပံတိုက်စစ်မှူး အာဂျန်ရော်ဘင်က ပယ်နယ်တီဧရိယာ အလယ်ခန့်မှ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ဂိုးစတင်ရရှိခဲ့သည်။ အာဂျန်ရော်ဘင် ယခုသွင်းယူသောဂိုးသည် ယခုနှစ်ပရီမီယားလိဂ် ဘောလုံးရာသီ၌ သူ၏ ငါးဂိုးမြောက် သွင်းဂိုးလည်း ဖြစ်သည်။

အိမ်ကွင်း၌ အဖွင့်ဂိုးစောစီးစွာ ပေးလိုက်ရသဖြင့် အက်စတွန်ဗီလာ တိုက်စစ်မှူးများဖြစ်သော ကီဗင်ဖီးလစ်၊ မီလန်ဘားရို့စ်၊ ဂျိမ်းမီလာတို့ တိုက်စစ်အား မြှင့်တင်ကစားခဲ့သော်လည်း ချယ်လ်ဆီးနောက်တန်းကို ထိရောက်စွာ မကျော်လွှားနိုင်မှုကြောင့် ပထမပိုင်း ပြီးသည့်အထိ ချေပဂိုးမသွင်းနိုင်ချေ။

ဒုတိယပိုင်းတွင် အက်စတွန်ဗီလာတို့ တွန်းတွန်းတိုက်တိုက်ကစားကာ ချေပဂိုးရရှိရေး ကြိုးစားနေရာမှ ၇၅ မိနစ်တွင် တိုက်စစ်မှူး ကီဗင်ဖီးလစ်အစား ဝင်ရောက်ကစားသည့် လူကီမိုရေးက ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိသွားခဲ့သည်။

ချယ်လ်ဆီးအသင်း သရေပွဲရလဒ်ကို ပယ်ဖျက်ရေးအတွက် ဂိုးရရှိရန် ကြိုးစားသော်လည်း ပွဲချိန်ပြည့်သည့်အထိ ဂိုးမသွင်းနိုင်တော့ဘဲ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့ရခြင်းဖြစ်သည်။ ယခုပွဲတွင် ချယ်လ်ဆီးမှ ခရက်စပိုနှင့် ဂတ်ဂျွန်ဆင်တို့ အဝါကတ်ပြခံရသလို အက်စတွန်ဗီလာမှ ဂါဗင်မက်ကင်န်လည်း အဝါကတ်ထိခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၄)အဖြစ် အက်စတွန်ဗီလာနှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးမှ ဖရန့်လမ်းပတ် ထိုးဖောက်ကစားစဉ်။ (အင်တာနက်)

အက်စတွန်ဗီလာတို့ ယခုပွဲ သရေဖြစ်ခဲ့သဖြင့် အိမ်ကွင်း၌ ကိုးပွဲမြောက် သရေပွဲဖြစ်ပြီး ချယ်လ်ဆီးအတွက် အဝေးကွင်းတွင် ဒုတိယမြောက် သရေပွဲဖြစ်ခဲ့ရသည်။

ဘလက်ဘန်းနှင့်မန်ယူ

ထိပ်ဆုံးမှ ချယ်လ်ဆီးကို အမှတ်ကွာခြားမှုနည်းစေရန်အတွက် ပွဲတိုင်းနိုင်ပွဲလိုအပ်နေသော မန်ယူတို့ အဝေးကွင်း၌ ဘလက်ဘန်းကို ရှုံးခဲ့ရပြန်ပြီ ဖြစ်သည်။ ဘလက်ဘန်းနှင့် ယခင် ၂၀၀၃-၂၀၀၄ ရာသီအတွင်း အဝေးကွင်း၌ ဆုံတွေ့ခဲ့စဉ်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားပြီး ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၌ ဘလက်ဘန်းကွင်းတွင် တစ်ဂိုးစီသရေပွဲကစားထားသည့် အနေအထားရှိသော်လည်း ယခုပွဲကို အနိုင်မကစားနိုင်ခဲ့ချေ။

မန်ယူသည် ဆာဟာ၊ ရွန်နေ၊ စီရိုနယ်ဒို၊ ဖလက်ချာတို့ဖြင့် ပွဲထုတ်လာသော်လည်း ဘလက်ဘန်း နောက်တန်းကို ထိရောက်သောခြိမ်းခြောက်မှု အကြိမ်များများ မလုပ်ခဲ့သလို ကွင်းလယ်ကစားကွက်လည်းအားနည်းလျက်ရှိရာ ဘလက်ဘန်းတို့ကို အသာစီးရအောင် မကစားနိုင်ခဲ့ချေ။

အိမ်ရှင် ဘလက်ဘန်းတို့က မိမိကွင်းတွင် ခြေစွမ်းပြတတ်သည့် အစဉ်အလာရှိရာ ပွဲချိန် ၃၅ မိနစ်၌ ဘလက်ဘန်း တိုက်စစ်မှူး ဒေးဗစ်ဘင့်လေက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ သို့သော် ဘလက်ဘန်း၏ ချေပဂိုးကို မန်ယူ တိုက်စစ်မှူး လူးဝစ်ဆာဟာက နှစ်မိနစ်အကြာ၌ပင် ချေပဂိုးပြန်သွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်နေသည်။

ဘလက်ဘန်းတို့က မန်ယူကွင်းလယ် အားနည်းချက်ကို အခွင့်ကောင်းယူကာ ဖိဖိစီးစီးကစားခဲ့သဖြင့် ၄၁ မိနစ်တွင် ဘလက်ဘန်းတိုက်စစ်မှူး ဒေးဗစ်ဘင့်လေကပင် မန်ယူပယ်နယ်တီဧရိယာအလယ်လောက်မှ ဘယ်ခြေဖြင့် အနိမ့်ဘော ကန်သွင်းယူခဲ့သည်။

မန်ယူတို့ ကစားကွက်တည်မရဘဲ ရှိနေရာမှ ပွဲချိန် ၄၅ မိနစ်တွင် ဘလက်ဘန်း တိုက်စစ်မှူးများ၏ ထိုးဖောက်ကစားမှုကို ဟန့်တားရင်း ပယ်နယ်တီ အပေးခံရရာ ယင်းပြစ်ဒဏ်ဘောကို ဘလက်ဘန်းနောက်ခံလူ လူကတ်နီးလ်က ကန်သွင်းယူခဲ့သဖြင့် ပထမပိုင်းမှာပင် ဘလက်ဘန်းတို့က သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် မန်ယူက ရစ်ချက်ဆင်အစား နစ္စတယ်ရွိုင်းကိုလည်းကောင်း၊ ဝက်စ်ဘရောင်းအစား ဆီလ်ဗက်စတာကိုလည်းကောင်း ထည့်သွင်းကစားခဲ့သည်။ ဘလက်ဘန်းတို့က မန်ယူ ကစားကွက်တည်မရဖြစ်နေမှုကြောင့် ပိုမိုတိုက်စစ်ဆင်ကစားနိုင်ခဲ့ရာ ၅၆ မိနစ်တွင် ဘလက်ဘန်း တိုက်စစ်မှူး ဒေးဗစ်ဘင့်လေက မန်ယူ ဂိုးဧရိယာဘယ်ခြမ်းမှနေ၍ ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူခဲ့သဖြင့် စတုတ္ထဂိုးရရှိခဲ့သလို ဒေးဗစ်ဘင့်လေလည်း သုံးဂိုးသွင်းကာ ဟက်ထရစ် ရရှိခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၄)အဖြစ် ဘလက်ဘန်းနှင့် မန်ယူတို့ပွဲတွင် ဘလက်ဘန်းမှ လူကတ်နီးလ် (အလယ်) **မန်ယူဘက်သို့ ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံနေစဉ်။** (အင်တာနက်)

မန်ယူ တိုက်စစ်မှူးများဖြစ်သည့် ရွန်နေ၊ စီရိုနယ်ဒိုတို့၏ ကန်ချက်များလည်း လွဲချော်လျက်ရှိနေပြီး ချေပဂိုး ရရှိရေး ကြိုးစားနေရာမှ ပွဲချိန် ၆၃ မိနစ်တွင် နစ္စတယ်ရွိုင်းက ဘလက်ဘန်း ဂိုးဧရိယာအတွင်း ၁၂ ကိုက်အကွာမှ ညာခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ဒုတိယမြောက် ချေပဂိုးရရှိခဲ့သည်။

မန်ယူတို့ ဒုတိယချေပဂိုး သွင်းယူပြီး ငါးမိနစ်အကြာ ပွဲချိန် ၆၈ မိနစ်တွင် နစ္စတယ်ရွိုင်းကပင် ဘလက်ဘန်း ဂိုးဧရိယာအတွင်းမှ အနီးကပ်ကန်သွင်းယူခဲ့ပြန်သဖြင့် တတိယချေပဂိုး ရရှိခဲ့သည်။ ချေပဂိုး ထပ်မံရရှိရေး ကစားအားတင်ခဲ့ရာမှ ပွဲချိန် ၈၈ မိနစ်တွင် မန်ယူနောက်ခံလူ ဖာဒီနန် နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်မှလွဲ၍ ပွဲရလဒ် မပြောင်းလဲနိုင်ခဲ့သဖြင့် မန်ယူတို့ လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

မန်ယူသည် ယခုပွဲရှုံးခဲ့သဖြင့် ပထမနေရာမှ ချယ်လ်ဆီးနှင့် ပွဲတူ ၁၅ မှတ်ကွာလျက် ရှိနေသည်။

လီဗာပူးနှင့်ဘာမင်ဂမ်

ပုံမှန်ခြေစွမ်း ပြန်ရစပြုနေသော လီဗာပူးတို့လည်း တန်းဆင်းဇုန်အတွင်း ရောက်နေသည့် ဘာမင်ဂမ်ကို အိမ်ကွင်း၌ အနိုင်မကစားနိုင်ခဲ့ချေ။ လီဗာပူးတို့ အချိန်တော်တော်များများ ဖိကစားနိုင်ခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ထိုးဖောက်ကစားခဲ့ရာ ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ခြင်းဖြစ်သည်။

တစ်ကွင်းလုံး မွှေနှောက်ကစားနိုင်သည့် စတီဗင်ဂျရတ်ဦးဆောင်သော လီဗာပူးသည် အပိုင်ကန်သွင်းခွင့်များ ၁၀ ကြိမ်ခန့် ရရှိခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် မိုရီရင်တေး၊ ပီတာခရော့ချ်၊ ဂါစီယာနှင့် ရီဆီတို့ ကန်ချက်များ မသေချာမှုကြောင့် ဂိုးရသင့်သည်များ မရခဲ့ခြင်းဖြစ်သည်။

လီဗာပူးတို့ ဂိုးရရှိရေး ကွင်းတစ်ဝက် ဖိကစားရာမှ ပွဲချိန် ၆၂ မိနစ်တွင် စတီဗင်ဂျရတ်က တစ်ဂိုးသွင်းယူနိုင်ခဲ့၍သာ ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ လီဗာပူးတို့ ယင်းဂိုးဖြင့် အနိုင်ရရှိရမည်ဖြစ်သော်လည်း ပွဲချိန် ၈၈ မိနစ်တွင် လီဗာပူးမှ အလွန်ဆို ဘောလုံးဖျက်ထုတ်ရာမှ ဂိုးဝင်သွားသဖြင့် ဘာမင်ဂမ်တို့ လက်ဆောင်ဂိုးရရှိသွားကာ တစ်ဂိုးစီ သရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲဝေယူခဲ့ကြရခြင်းဖြစ်သည်။

လီဗာပူးသည် ယခုပွဲသရေကျခဲ့သဖြင့် ၂၂ ပွဲကစား ၄၅ မှတ်ဖြင့် ဒုတိယနေရာမှ မန်ယူနှင့် နှစ်ပွဲကွာ သုံးမှတ်လျော့နှင့် တတိယနေရာ၌ရှိနေသည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၃) လက်ကျန်ပွဲအဖြစ် အာဆင်နယ်နှင့် ဝက်စ်ဟမ်းတို့ပွဲတွင် အာဆင်နယ်မှ ဆိုးလ်ကင်းဘဲလ် (ယာ) **ဝက်စ်ဟမ်း တိုက်စစ်ဆင်မှုကို ဟန့်တားစဉ်။** (အင်တာနက်)



နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ်၏ ဝဲလ်တာဝိတ်ချန်ပီယံ အာတူရိုဂတ်တီက ခုနစ်ချီဖြင့်အနိုင်ယူ သရဖူကာကွယ်

နယူးဂျာစီ ဖေဖော်ဝါရီ ၂

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်ရှိ အတ္တလန်တစ်စီးတီးမြို့၌ ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည့် နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ် (အိုင်ဘီအေ)၏ ဝဲလ်တာဝိတ်ချန်ပီယံဗိုလ်လုပွဲ၌ အိုင်ဘီအေလက်ရှိချန်ပီယံ အာတူရိုဟတ်တီက ၎င်း၏ ချန်ပီယံသရဖူကို ကာကွယ်နိုင်ခဲ့သည်။

အမေရိကန်နိုင်ငံသား ဂတ်ဘီသည် ၎င်း၏ အိုင်ဘီအေဝဲလ်တာဝိတ် ချန်ပီယံကာကွယ်ပွဲအဖြစ် ဒိန်းမတ်နိုင်ငံသား သောမတ်ဒမ်ဂတ်နှင့် ယှဉ်ပြိုင် ထိုးသတ်ရာ ငါးချီအထိ အပြန်အလှန်ထိုးသတ်သည့် အကြိတ်အနယ်ပွဲစဉ်များ ဖြစ်ခဲ့သည်။

သို့သော် ပဥ္စမအချီအရောက်တွင် ဂတ်ဆီ၏ ဘယ်ဝိုက်လက်သီး ဒမ်ဂတ်မျက်နှာပေါ် ထိထိမိမိထိုးနိုင်ခဲ့ပြီးနောက်ပိုင်း ဆဋ္ဌမအချီတွင်မူ ဂတ်တီက အပေါ်စီးမှ ထိုးသတ်နိုင်ခဲ့သည်။

သတ္တမအချီတွင်မူ စိန်ခေါ်သူ ဒမ်ဂတ် မည်သို့မျှမဟန်နိုင်တော့ဘဲ ဒိုင်ပွဲရပ်ဖြင့် ဂတ်တီက အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး သူ၏ နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ်(အိုင်ဘီအေ) ဝဲလ်တာဝိတ်ချန်ပီယံသရဖူကို ကာကွယ်နိုင်ခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

အိုင်ဘီအေဝဲလ်တာဝိတ် လက်ဝှေ့ချန်ပီယံ အာတူရိုဂတ်တီ(ဝဲ)**က စိန်ခေါ်သူ သောမတ်ဒမ်ဂတ်အား ဘယ်ဝိုက်လက်သီးဖြင့် ထိထိမိမိ ထိုးထားစဉ်။** (အင်တာနက်)

အာဆင်နယ်နှင့်ဝက်စ်ဟမ်း

ခြေစွမ်း မတည်မငြိမ်ဖြစ်နေသည့် အာဆင်နယ်လည်း အိမ်ကွင်း၌ ရှုံးပွဲ ထပ်မံကြုံရပြန်ပြီဖြစ်သည်။ ပရီမီယာလိဂ်ချန်ပီယံကို မည်သို့မျှဖိအားမပေးနိုင်တော့သည့်အပြင် ရှုံးပွဲများနှင့်ပါ ဆက်တိုက် ကြုံတွေ့ရမှုများလာခဲ့သည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။

အာဆင်နယ်သည်ဧည့်သည်ဝက်စ်ဟမ်း၏ ပွဲချိန် ၂၅ မိနစ်၌ အဖွင့်ဂိုးသွင်းယူခြင်းခံရပြီး ပွဲချိန် ၃၂ မိနစ်တွင် ဝက်စ်ဟမ်းတိုက်စစ်မှူး ဇာမိုရာ၏ ဒုတိယဂိုးသွင်းယူခြင်းကိုပါ ခံခဲ့ရသည်။

အွန်နရီဦးဆောင်သော တိုက်စစ်သည် ဝက်စ်ဟမ်းနောက်တန်းကို ခြိမ်းခြောက်နိုင်သော်လည်း ဂိုးအဖြစ် မသွင်းယူနိုင်ခဲ့ချေ။ အာဆင်နယ်တို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ထိုးဖောက်ကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၄၅ မိနစ်တွင် အွန်နရီက ချေပဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အာဆင်နယ်တို့ ချေပဂိုးရရှိရေးကြိုးစားသော်လည်း ဂိုးကံခေလျက်ရှိရာမှ ပွဲချိန် မိနစ် ၈၀ တွင် ဝက်စ်ဟမ်းတိုက်စစ်မှူး မက်သရူးက တစ်ဂိုး ထပ်မံသွင်းယူလိုက်ပြန်သဖြင့် ဝက်စ်ဟမ်းတို့ သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေရာမှ ၈၉ မိနစ်တွင် အာဆင်နယ်မှ ရောဘတ်ပီးရက်စ်က ချေပဂိုး တစ်ဂိုးပြန်သွင်းယူခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ချေပဂိုး မသွင်းနိုင်ခဲ့သဖြင့် အာဆင်နယ်တို့အိမ်ကွင်း၌ ရှစ်ပွဲမြောက်ရှုံးပွဲကြုံတွေ့ခဲ့ရပြီး ၂၃ ပွဲကစား ၃၇ မှတ်ဖြင့် တန်းစီဇယား ဆဋ္ဌမနေရာ၌ ရောက်နေသည်။

မန်စီးတီးနှင့်နယူးကာဆယ်

အိမ်ကွင်းကစားရခက်သောမန်စီးတီးတို့ နယူးကာဆယ်ကို မိမိကွင်း၌ သုံးဂိုးပြတ်အနိုင်ယူနိုင်ခဲ့သည်။ မန်စီးတီး၏ ထိုးဖောက်ကစားမှုများကို နယူးကာဆယ်နောက်တန်း မထိန်းနိုင်ဘဲရှိရာ ၁၄ မိနစ်၌ပင် မန်စီးတီးမှ အယ်ဘတ်ရီအီရာက ညာခြမ်းမှနေ၍ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

မန်စီးတီးတို့ အချိတ်အဆက်မိမိဖြင့် ကစားနိုင်မှုကြောင့် ၃၈ မိနစ်တွင် မန်စီးတီးတိုက်စစ်မှူး အင်ဒရီကိုးက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့ပြီး တတိယဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ဒါရပ်စ်ဗာဆယ်က ပင်နယ်တီဧရိယာအတွင်းမှ ဘယ်ခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်တို့ ချေပဂိုး တစ်ဂိုးမျှ ပြန်မသွင်းနိုင်ဘဲ မန်စီးတီးကို ဂိုးပြတ်ရှုံးရခြင်းသည် အဝေးကွင်း၌ ကိုးပွဲမြောက်ရှုံးခဲ့ခြင်းပင် ဖြစ်သည်။

ပို့စ်မောက်နှင့်ဘော်လ်တန်

တန်းဆင်းဇုန်အတွင်း ရောက်နေသည့် ပို့စ်မောက်တို့ ဘော်လ်တန်နှင့် သရေကစားခဲ့သဖြင့် တန်းဆင်းဇုန်မှ ရုန်းထွက်မှု ကြိုးစားခြင်းမှာ အရာမထင် ဖြစ်ခဲ့ရသည်။ ပို့စ်မောက်အတွက် ကာရာဒက်စ်က တစ်ဂိုးသွင်းပေးပြီး ဘော်လ်တန်အတွက် ဖာဒီဂါက ၆၉ မိနစ်တွင် တစ်ဂိုးသွင်းပေးခဲ့ခြင်းဖြစ်သည်။ ပို့စ်မောက်သည် ၂၄ ပွဲကစား ၁၈ မှတ်ဖြင့် အဆင့် ၁၉ နေရာ၌ ရပ်တည်နေသည်။ **(အင်တာနက်)**

အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးဝင်း အတွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုနှင့် အဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။

(ခရိုင် ပြန်/ဆက်)

တာချီလိတ်မြို့နယ် နဂါးနှစ်ကောင်ကျောင်းတိုက် (၃၈) ကြိမ်မြောက် သာသနပါလ စာမေးပွဲကျင်းပ

တာချီလိတ် ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ ဆရာတော် ဦးစီးကျင်းပသော ခရိုင်လုံးဆိုင်ရာ (၃၈)ကြိမ်မြောက် သာသနပါလ၊ ဂုံရှမ်းပရိယတ္တိ စာပြန်/စာဖြေပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဩဝါဒကထာ

အခမ်းအနားသို့ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာပြန်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များ တက်ရောက်ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ယင်းဆရာတော်က ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ဆက်ကပ်

ဆက်လက်ပြီး စာဖြေပွဲကျင်းပရာ ပထမကြီး ၂၁ ပါး၊ ပထမလတ် ၁၂၇ ပါး၊ပထမငယ် ၂၆၄ပါး ဖြေဆိုတော်မူကြပြီး စာဖြေပွဲတော်ကို ဇန်နဝါရီ ၁၈ ရက်အထိ ကျင်းပ၍**(အပေါ်ယာပုံ)**ဇန်နဝါရီ ၂၇ ရက်တွင် အောင်လက်မှတ်များ ဆက်ကပ်တော်မူကြသည်။

(ခရိုင်ပြန်/ဆက်)



မြစ်ကြီးနားခရိုင် အမျိုးသားကာကွယ်ဆေးတိုက်နေ့များဖွင့်

မြစ်ကြီးနား ဇန်နဝါရီ ၂၅

တနင်္သာရီတိုင်း မြိတ်ခရိုင် တတိယနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်က အမှာစကားပြောကြားသည်။ ဆက်လက်၍မြိတ်မြို့အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်လှက ဒေသအလိုက် အမျိုးသားကာကွယ်ဆေး တိုက်နေ့များဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တိုက်ကျွေး

ထို့နောက် တနင်္သာရီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့နှင့် အခမ်းအနား တက်ရောက်လာကြသူများက ငါးနှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။**(ဝဲပုံ)**

ယင်းနောက် တနင်္သာရီတိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့နှင့်အဖွဲ့သည် ထားဝယ်စုရပ်ကွက်တွင် ငါးနှစ်အောက်ကလေး ၂၆၁ ဦး၊ မြစ်ငယ်ရပ် ကွက်တွင် ၂၅၀ ဦး၊ ကန်ဖျားရပ်ကွက်တွင် ၂၅၁ ဦး၊ အမှတ်(၅)တပ်မတော် ခုတင် (၁၀၀)ဆံ့ဆေးရုံ၌ ၈၁၂ ဦးတို့အား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို တက်ရောက်အားပေး ပါဝင်တိုက်ကျွေးကြပြီး ကလေးငယ်များအား စားစရာနှင့် ကလေးကစားစရာ ပစ္စည်းများ ပေးအပ် ကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

ငါန်းဇွန်မြို့ အမှတ်(၁၉) လမ်း ကတ္တရာလမ်းခင်း

ငါန်းဇွန် ဇန်နဝါရီ ၁၅

မန္တလေးတိုင်း ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန် အောင် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြို့တွင်းအမှတ်(၁၉)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ဒီဇင်ဘာ ၂၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထိုက်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိုးဝင်းထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်းသိရသည်။**(နယ်စပ်/စည်ပင်)**

ဘိုကလေးမြို့နယ်၌ ထွန်းနေရောင်စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်ရှင်းလင်း၊ သုတရသစာအုပ်များလှူဒါန်း

ဘိုကလေး ဇန်နဝါရီ ၂၂

ဘိုကလေးမြို့နယ် ကျွန်းသာယာကျေးရွာအုပ်စု ဒညင်းဖြူကျေးရွာ ထွန်းနေရောင် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ကိုကိုနိုင်၊ ကျေးရွာဥက္ကဋ္ဌဦးစိုးမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးခင်စောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ရည်ရွယ်ချက်ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အဖွဲ့ဝင်(၁)မြို့နယ်ရဲတပ်ဖွဲ့မှူးကိုကိုနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးခင်စောက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ကိုကိုနိုင်က စာကြည့်တိုက်ငွေပဒေသာပင် စိုက်ထူရန်အတွက် ငွေကျပ်တစ်သောင်းနှင့်မဂ္ဂဇင်း စာစောင်အုပ် ၈၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် လက်ထောက်(၃) ဒေါ်ယမင်းဝင်းက သုတ၊ ရသစာအုပ် ၅၁ အုပ်ကို ကျေးရွာဥက္ကဋ္ဌ ဦးစိုးမြင့်သို့ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်ကြီးကြပ်ရေးအဖွဲ့ လူမှုရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

သန်လျင် ဇန်နဝါရီ ၃၁

ရန်ကုန် တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ လက်အောက်ရှိ ကျောက်ကြို/ပို့ယာဉ်လိုင်းများမှ ယာဉ်ပိုင်ရှင်များက ဒုတိယ အကြိမ် လူမှုရေးနှင့်ဘာသာရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက သန်လျင်မြို့ရှိ ခရိုင် မော်တော်ယာဉ်ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်း ခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသောင်းရှိန်(အငြိမ်းစား)က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး သန်လျင်သာသနာ့ဗိမာန်တော် တည်ဆောက်ရေးအတွက် ကျပ်နှစ်သိန်း၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ မြို့နယ်များ၏ နာရေးကူညီမှုအသင်းများသို့ ငွေကျပ်တစ်သိန်းစီ၊ သန်လျင်မြို့နယ်အတွင်းရှိ ပရဟိတကျောင်းများသို့စာရေးကိရိယာ လှူဒါန်း ငွေကျပ် ၁၅၀၀၀၀ စုစုပေါင်း လှူဒါန်း ငွေကျပ် ၇၅၀၀၀၀ ကိုပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဒိုက်ဦးမြို့နယ်ကျေးရွာ စာကြည့်တိုက်များ ရှင်သန်တိုးတက်ရေး အလုပ်ရုံဆွေးနွေး

ဒိုက်ဦး ဇန်နဝါရီ ၈

ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်တိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ကတုတ်ကျေးရွာအုပ်စုခွဲ ရွှေဥဒေါင်းကျေးရွာ ကိုယ်ပိုင်စံပြစာကြည့်တိုက်၌ ကျင်းပသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်စန်းဦး**(အပေါ်ပုံ)**က ကျေးရွာစာကြည့်တိုက်များ ရှင်သန်တိုးတက်ရေးအတွက် ရှင်းလင်းဆွေးနွေး ကြသည်။

(မြို့နယ်ပြန်/ဆက်)

ညောင်ပင်ထောင်လမ်း ကတ္တရာခင်း

ကလော ဇန်နဝါရီ ၁၀

၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အောင်ပန်းမြို့ ညောင်ပင်ထောင် လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၅ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးမင်းအောင်မြင့်စိုးတို့က ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

(၄၈)ကြိမ်မြောက် သွေးလှူဒါန်း



ရန်ကုန် ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိမြို့ ဘုန်းတော်ကြီးသင် ပညာရေး ကွင်းကျောင်း ဆရာတော် ဘဒ္ဒန္တ ကုမာရ (ကျိုက်ပိ) **(အပေါ်ပုံ)** သည် ဒီဇင်ဘာ ၂၃ ရက်က ရန်ကုန်မြို့ ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် (၄၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း ၇ မိုင် ဦးကျော်လှလမ်း သွယ် အမှတ် ၁၁ သစ္စာခြံနေ ဗိုလ်မှူး လှမြင့် (ငြိမ်း)-ဒေါ်ခင်လှဝေမိသားစုက ငွေကျပ်တစ်သိန်းကို ဖြဟ္မ ဝိဟာရ ပရိယတ္တိ စာ သင် တိုက် သု ဒ သ္သ န လမ်း ၁၆/၂ ရပ် ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ရှိ ရေနံငါးအဝယ်ဒိုင်များ၏ ရောင်းဝယ်စုဆောင်းမှု အခြေအနေကို ဒီဇင်ဘာ ၂၇ ရက်က ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအန်ကြည်နှင့် ခရိုင်ဦးစီးမှူး ဦးမြင့်အောင်တို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှမင်းဇော်က ရှင်းလင်းပြသစဉ်။
(မြို့နယ်ငါးလုပ်ငန်းဦးစီး)

ပုညဝိသုဒ္ဓိဓမ္မာရုံ ပြန်လည်ပြုပြင်ဆောက်လုပ်ရေး အလှူငွေပေးအပ်ပွဲ မော်လမြိုင်ကျွန်းမြို့၌ ကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၃၀

မော်လမြိုင်ကျွန်းမြို့ အောင်ဆန်း ၁၄လမ်းထိပ်ရှိ ပုညဝိသုဒ္ဓိ မြို့နယ်ဓမ္မာရုံပြန်လည်ဆောက်လုပ်ရေးအတွက် ပထမအကြိမ် အလှူငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉နာရီက ပုညဝိသုဒ္ဓိ မြို့နယ်ဓမ္မာရုံဟောင်း၌ ကျင်းပသည်။

အခမ်းအနား၌ အလှူရှင် မော်လမြိုင်ကျွန်းမြို့ အောင်ဆန်း ၁၄လမ်း အမှတ် ၁၆နေ ဦးတုး-ဒေါ်ရှုတီမိသားစုက ပုညဝိသုဒ္ဓိမြို့နယ်ဓမ္မာရုံ ပြန်လည်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း၃၀ ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌဦးကိုကိုအောင်က လက်ခံရယူသည်။ **(အောက်ပုံ)**

အနယ်နယ်အရပ်ရပ်မှ အလှူရှင်များနှင့် အဝေးရောက် မော်လမြိုင်ကျွန်းမြို့နယ်သူ မြို့နယ်သားများ ပါဝင်လှူဒါန်းလိုပါက ဥက္ကဋ္ဌ ပုညဝိသုဒ္ဓိ မြို့နယ်ဓမ္မာရုံ ဆောက်လုပ်ရေးကော်မတီ မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၉၇)**

ကျောက်ပန်းတောင်းမြို့၌ ရေလှောင်ကန်တည်ဆောက် ကျေးရွာပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၀

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်ရှိ သစ္စာလေးဆူ စေတီတော်အတွင်း ကိုယ့်အားကိုယ်ကိုး တည်ဆောက်သော ရေလှောင်ကန် အကျယ်ပေ ၅၀၊ အနက် ၁၁ ပေရှိ ရေလှောင်ကန်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က အဆိုပါရေလှောင်ကန်၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းနှင့် အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမန်းနှင့် အဖွဲ့ဝင်များ၊ ရေလှောင်ကန် အလှူရှင်များ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာပြည်သူများ တက်ရောက်ကြပြီး တာဝန်ရှိသူများက ရေလှောင်ကန်ကို ဖွင့်လှစ်ပေးကြသည်။

သုံးစွဲနိုင်

အဆိုပါ ရေလှောင်ကန်ကြီးကို သစ္စာလေးဆူစေတီတော်နှင့် နယ်လှည့်သာသနာပြု မေတ္တာရှင်မဟာမြိုင် ဦးအေးကိုက ဦးဆောင်ပြီး နွေရာသီတွင် မြို့ပတ်ဝန်းကျင်ရှိ ကျေးရွာပြည်သူများ သောက်သုံးရေဖူလုံရေးအတွက် တပည့်များဖြင့် ကိုယ့်အားကိုယ်ကိုး ရေဂါလန်ပေါင်း သုံးသောင်း ကျော်ဆံ့ ရေလှောင်ကန်ကို ဆောင်ရွက်ပေးမှုကြောင့် စံပယ်ပင်ကျေးရွာ၊ ကျပ်ထောင်ကျေးရွာ၊ ကံသာယာကျေးရွာ၊ သာယာအေးရပ်အနောက်ခြမ်းနှင့် တမ္ဗဝတီရပ်ပြည်သူများ လွယ်လင့်တကူ သုံးစွဲနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၆၁)**

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နေ့ကလေးထိန်းကျောင်း ဆောက်လုပ်မှု အခြေအနေကို ဇန်နဝါရီ ၂၄ ရက်က အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်း၊ ဒုတိယဦးစီးမှူး ဦးအောင်လွင်တို့ ကွင်းဆင်းကြပ်မတ်ပေးစဉ်။
(မြို့နယ်စည်ပင်)

ရပ်စောက် သိမ်တော်ကြီးလမ်း ကတ္တရာခင်းရန် ကျောက်စီ

ရပ်စောက် ဇန်နဝါရီ ၁၂

ရပ်စောက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် သိမ်တော်ကြီးလမ်း ကတ္တရာခင်းရန် ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဒီဇင်ဘာ ၇ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစိုးနိုင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့က ကတ္တရာလမ်းခင်းရန် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **(နယ်စပ်/စည်ပင်)**

မြန်မာ့အသံ

၄-၂-၂၀၀၆
(စနေ နေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၄၅ အာဆီယံအစီအစဉ်
၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ကျိုင်းတုံဟိုတယ်သစ်၏ ဝန်ဆောင်မှုများ)
၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) တိုင်းရင်းသားများ ရိုင်းပင်းထား(ခေါင်းကြီး)
(၂) ခိုင်ခိုင်မြဲမြဲတို့လက်တွဲ (ဆောင်းပါးသရုပ်ဖော်)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂:၁၅ နေ့စဉ်သုံးအီဒီယမ်(ဦးသိန်းလွင်)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပဥ္စမတန်း-ပထဝီဝင်)

ညနေပိုင်း

၁၇:၀၀ အဆို၊အက၊အရေး၊အတီး ဆုရအစီအစဉ် (ရှမ်းပြည်နယ်မှ ဒေါ်မူမူဆွေ၏ ဓမ္မပူဇာတေး)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ပြည်သူ့ကျန်းမာရေးအတွက် အစွမ်းထက်မြက်စေသည့်အားကစား)
၁၈:၄၀ လှပသာယာ အိမ်ဂေဟာ နေချင်စဖွယ်ဖန်တီးမယ်
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ချိုကြည်သာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ပိုးအိစံ၏ "ပေးစားသူနဲ့ ယူလိုက်ပါ" စီးရီး)
၂၀:၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

အမြို့မြို့ အနယ်နယ် သတင်းများ

မအူပင်မြို့၌ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းပွဲကျင်းပ

မအူပင် ဇန်နဝါရီ ၁၅

မအူပင်မြို့နယ်တွင် (၅၆) ကြိမ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် ည ၇နာရီက မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဗိုလ်မှူး ရဲမြတ်ဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များနှင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

ဖတ်ကြား

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်း (ခြင်ကျား-မအူပင်)က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တက္ကသိုလ် ကောလိပ်အဆင့်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသူ ကျောင်းသားများအား ဆုများပေးအပ်ချီးမြှင့်ပြီး **(အောက်ပုံ)** အကယ်ဒမီ ရုပ်ရှင်မင်းသား သုမောင်၊ အကယ်ဒမီ ဒါရိုက်တာ ကြည်စိုးထွန်းနှင့် အကယ်ဒမီ ငြိမ်းမင်းတို့က စာပေရေးရာများ ဟောပြောကြသည်။ **(၄၂၁)**

ညောင်တုန်းမြို့နယ်ရွာသာကြီးကျေးရွာ မူလတန်းလွန်ကျောင်းဖွင့်

ညောင်တုန်း ဖေဖော်ဝါရီ ၁

ညောင်တုန်းမြို့နယ် မြန်မာပြာသာကျေးရွာအုပ်စု ရွာသာကြီးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်းနှင့် လက်ထောက်မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီးများ၊ ဆရာ ဆရာမများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တပျော်တပါးတက်ရောက်ကြသည်။

ရှေးဦးစွာ ညောင်တုန်းမြို့နယ် ပညာရေးမှူးဦးစိုးဝင်းသန်း၊ မြန်မာပြာသာ ကျေးရွာ ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမာတို့က အခြေခံပညာ မူလတန်းလွန်ကျောင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရည်ရွယ်ချက်များ

ဆက်လက်၍ မြို့နယ်ပညာရေးမှူးဦးစိုးဝင်းသန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမာတို့က အမှာစကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌဦးဝင်းမောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက မူလတန်းလွန် ကျောင်းဖွင့်ခွင့်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြသည်။ **(ဝ၉၈)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခြံစည်းရိုးကြက်ဆူပင်များ သတ်မှတ်ချက်အတိုင်း အပြည့်အဝ အလေးထား ဖိဖိစီးစီး အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက် လားရှိုးတပ်နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့်တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက လားရှိုးမြို့အထွက် အမှတ်(၁)ကုန်းမြင့်ယာမြေ ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ ကြက်ဆူပင်မျိုးသန့် မျိုးပွားဥယျာဉ်ခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက်တိုင်းမှူးသည် မျိုးစေ့ထုတ်ဇုန်အတွင်း ဆင်းရွှေလီအထွက်ကောင်းကြံပင်များနှင့် နှစ်တိုနာနတ်ပင် တစ်သိန်းတို့အကြား ကြက်ဆူပင်ကို သီးညှပ်အဖြစ် စိုက်ပျိုးပြီးစီးမှု နာနတ်ပင်များဖြစ်ထွန်းအောင်မြင်နေမှု၊ ကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းတာဝန်ခံအားလိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မျိုးစေ့ထုတ်ဇုန်အတွင်းဆင်းရွှေလီမွေး(ဆန်မွေး) နှစ်ပေါ်၊ ၁၀ ဧက စံပြစိုက်ခင်းသို့လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် မျိုးသန့်မျိုးပွားစိုက်ခင်းသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အပြည့်အဝစိုက်ပျိုး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်သည် တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသော လားရှိုးတပ်နယ် တပ်ရင်းတပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးစတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ကြက်ဆူပင် လျာထားသတ်မှတ်ချက်အတိုင်း အပြည့်အဝ စိုက်ပျိုးနိုင်ရေး အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် တပ်နယ်အလိုက် စိုက်ပျိုးရေး တာဝန်ခံများကတပ်နယ် အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များ၏ ကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဇယားကားချပ်ဖြင့် ရှင်းလင်းတင်ပြကြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ✡

ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ အမျိုးသားညီလာခံရပ်နားစဉ် မိမိနေရပ်အသီးသီးသို့ ပြန်ကြမည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပသည့် အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ခေတ္တရပ်နားစဉ် မိမိတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလျက်ရှိကြရာ အမျိုးသားညီလာခံ ကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၆ နာရီခွဲတွင် ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီရုံးရှေ့၌ ပြန်လည်ထွက်ခွာကြမည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာကြမည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း နမ့်စန် လားရှိုး	၄ ဒီဂရီစင်တီဂရိတ်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသေးငယ်ဆုံးငါး

ကမ္ဘာ့အသေးငယ်ဆုံးငါးတစ်ကောင်ကို သုတေသနပညာရှင်တစ်ဦး၏ လက်ချောင်းတစ်ခုပေါ်၌ တွေ့ရစဉ်။ **(ယာပုံ)**

အဆိုပါ ငါးသည် အရှေ့တောင် အာရှဒေသရှိ စိမ့်မြေများရှိရာရေပြင်၌ ပေါက်ဖွားနေထိုင်လေ့ရှိသော ငါးမပိုးစိပ်များမှငါးမျိုးတစ်မျိုးဖြစ်ပြီး စင်ကာပူနှင့် ဥရောပမှ သိပ္ပံပညာရှင်များ၏လေ့လာသုတေသန ပြုချက်အရ ကမ္ဘာပေါ်၌ အသေးငယ်ဆုံးငါးမျိုးဖြစ် ကြောင်းသိရသည်။ ယခုတွေ့ရှိရသောငါးသည် အထီးတစ်ကောင်ဖြစ်ပြီး ခြင်တစ်ကောင်၏အရွယ်အစားမျှသာရှိသည်ဟုဆိုသည်။ **အေအက်ဖ်ပီ**



စွမ်းရည်ပြသရန် လေ့ကျင့်နေသော ကြွက်ဖြူလေး

စည်ပိုင်းဖြတ်တစ်ခုတွင် လေ့ကျင့်ပေးနေသော ကြွက်တစ်ကောင်ကို တွေ့ရစဉ်။ **(ယာပုံ)**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် အားလပ်ရပ်များအတွင်း ဖျော်ဖြေမှုပြုလုပ်ရန်အတွက် တရုတ်အမျိုးသားတစ်ဦးက ကြွက်ဖြူလေးတစ်ကောင်ကို လေ့ကျင့်ပေးလျက်ရှိရာ ၎င်းကြွက်ဖြူလေးသည် မီးကွင်းခုန်ခြင်း၊ ကြိုးတန်းပေါ်တွင် စွမ်းရည်အမျိုးမျိုးပြသခြင်းတို့ကို အံ့သြဖွယ်ရာ ပြသနိုင်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**